

Swamping
with
Intimacy
Sat
Season ( II )

# Swamping With Intimacy

## Sat

## အပိုင်း (၁)

"Patient"

တဝီဝီ မြည်နေသော ambulance သံများမှာ ဆေးရုံအဝင်ဝတွင် ဆူဆူညံညံဆိုက်သည်။ ရှပ်ရှပ် ခြေသံများနှင့်အတူ အဖြူရောင် ပုံရိပ်များသည် နားကြပ်ကိုယ်စီဖြင့် ပြေးလွှားနေကြ၏။ စောစီးသော မနက်အချိန်မှာပင် လူနာများဟူသည် နေရာအနှံ့မှ တဖွားဖွား ရှုပ်ထွေးနေကြသည်။

"နားလည်လား ... ခေတ်"

သူသည် ရွှေရောင် ဖောင်တိန်လေးကို Duty coat အိတ်ကပ်ထဲ ပြန်ထိုးထည့်ရင်း တစ်မနက်လုံး ရှင်းပြထားသည့် ဒူးဆစ်ရိုး ခွဲစိတ်မှုအကြောင်းကို ဦးတည်မေး၏။

"နားလည်ပြီ ... ဆရာ ... ခေတ်လ**ည်း** ဘယ်သူ့သွားမေးရမလဲ မသိဘူးဖြစ်နေတာ။ ကျေးဇူးပါ ... ဟီး ..."

"ရတယ် ... နောက်လည်း မသိရင်လာမေး ... ခုတော့ ဆရာလည်း လူနာ ကြည့်လိုက်ဦးမယ် ..."

သူမသည် ဖိုင်တွဲကို သေချာပြန်ပေးလာသော ဆရာ့အား ကျေးဇူးတင်စွာ ပြုံးပြ၍ ကျောခိုင်းထွက်လာ ခဲ့တော့သည်။

ထို့နောက် မှတ်တမ်း ဖိုင်တွဲလေးကို လက်မှာပိုက်ကာ လျှောက်လမ်း

တစ်လှျောက် ရွှေ့လာရင်း ဆရာ့အကြောင်း အမျှင်မပြတ်နိုင်စွာ တွေးမိ၏။ ခေတ်သည် တစ်ရက်မှ နှစ်ဆယ့် လေးနာရီအတွင်း နာရီနှစ်ဆယ်လောက်က ဆရာ့အကြောင်း စဉ်းစားနေတတ်သည်။ ဒါဟာ ဆရာ့ကို အမျိုးသားတစ်ယောက် အနေနှင့် စုံမက်၍တော့မဟုတ်၊ ကိုယ့်အနီးဆုံးမှာ ရှိသော Gay တစ်ယောက်ကို  မည်သို့မည်ပုံ Supporting ပေးရမလည်း စီမံရသည်မှာ ခေတ်လို နှစ်ချို့ Fujoshi တစ်ယောက်၏ တာဝန်ပင်ဖြစ်သည်။

ခေတ်တို့ဌာနမှ Senior များထဲတွင် စာအတော်ဆုံး ဖြစ်သည့် ဆရာက မကြာခင် အထူးကုလည်း ဖြစ်တော့မည်ဖြစ်သည်။ ဘွဲ့ရလျှင် ဆေးရုံကိုပါ အုပ်စိုးမည်ဟူသော သတင်းစများ ကြားနေရသဖြင့် ခေတ်တို့အားလုံး ရှိန်ကြရသည်။ ဆရာ့အကြောင်းကို စိတ်ဝင်စားကြသော မိန်းကလေးများထဲတွင် အနီးကပ် နေရသော ခေတ်တို့အဖွဲ့က နှာတစ်ဖျား ပိုသာနေ၏။

မိန်းကလေးတို့၏ စပ်စုမှု ဒီဂရီအတိုင်း ဆရာရှိသော ဆေးရုံကို တာဝန်မကျခင် ကတည်းက  ဆရာ့ရဲ့ ကိုယ်ရေးရာဇဝင်နှင့် Fb acc ဘာညာ အကုန်မွှေထားပြီးခြင်းလည်း အဆစ်ပါမည်။

သိရသလောက်တော့  ဆရာဟာ Come out လုပ်ထားသည့် Gay တစ်ယောက်။ သူ့ချစ်သူကတော့ လွန်ခဲ့သည့် တစ်နှစ်ကျော် ကတည်းက အစပျောက်သွားသည်ဟု သိရသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ Fujoshi တွေပီပီ အားမလိုအားမရ ဝမ်းနည်းခဲ့တာက ခေတ်တို့အဖွဲ့။ အစပျောက်သွားသော်လည်း ခန့်ဦးရှိန်ဆိုသည့် လူတစ်ယောက် အကြောင်းကို သူတို့ရင်းနှီးသည်။ ဆရာ၏ နေ့စဉ်ဘဝမှာ ရောယှက် ပါဝင်နေသည့် ချစ်ရသူဖြစ်သလို ကြုံလျှင် ကြုံသလို အလွမ်းဓာတ်ကို လိုက်၍ ဆွေးမြည့်စွာ ပြောပြတတ်သည့် ဆရာက သိပ်ကို အချစ်ကြီးသည်။

နှစ်ယောက်သား နတ်ဖတ်ကဲ့သို့ လိုက်ဖက်ကြသည်ကိုလည်း ပုံဟောင်း

များကို ကြည့်ရှုခြင်းဖြင့် သိနိုင်သည်။

လျှောက်လမ်းတစ်လျှောက် ခပ်ဖြည်းဖြည်း သွားနေရင်း သူမ၏ အကြိုးမား ဆုံး OTP Dr.သိုက်မင်းဆက်၏ အချစ်အကြောင်း အကျယ်တဝင့် တွေးတောနေမိသည်။

ဆရာဟာ နှာခေါင်းချွန်ချွန်၊ အသားဖြူဖြူလေးနှင့် ကလေးတစ်ယောက်လို ချစ်စရာ ကောင်းသော်လည်း ယောကျ်ားဆန်သည်။ မိုးထိုးနေသော အရပ်ကြီးနှင့် ထွားကျိုင်းနေသော ခန္ဓာကိုယ်က အားကိုးချင်စရာ အတိ။ သို့သော်လည်း ထိုမက်ဖွယ်များဟာ သူမတို့အတွက် မဟုတ်ရေးချ မဟုတ်။ သက်ဆိုင်သူ ခန့်ဦးရှိန်၏ ပုံပန်းသွင်ပြင်မှာတော့ ကောက်လိမ်နေသော ဆံသားများကြောင့် ခုခေတ် မိန်းကလေးများကြား ရေပန်းစားသော Messy hair နှင့် western man များပုံပေါ်၏။ ဓာတ်ပုံထဲမှာပဲ တွေ့ဖူးတာတောင် ရုပ်ဖြောင့်ချက်က ရူးခါသွားလောက်ချေသည်။

"တောက် ... ဝတ္ထုတောင် ရေးချင်လာပြီ ..."

ခပ်ဆန်းဆန်း အတွေးများကို ဆရာသိလျှင် အဆူခံရနိုင်သည် ဟူသော သတိကြောင့် ဇက်ကလေး ပုဝင်သွားရသည်။

"နေပါဦး ... ခန့်ဦးရှိန်ဆိုတဲ့ အစ်ကိုကြီးက ဘယ်ကို ရောက်သွားတာလဲ"

ဖြောင်း ...

"ဟဲ့ ..."

ခေါ်သံမရောက်ခင် လက်က ဇက်ပိုးပေါ် အရင်ကြွလာ၍ ခေတ်လွှာ၏ ဒေါသက ရှူးခနဲ။ မော့ကြည့်လိုက်တော့ ကျေးဇူးရှင် ဝသုန်။

"ဘာတွေ စဉ်းစားနေတာလဲ ... နင့်လူနာကြီးကို ငါထိန်းပေးထားရတာ မြန်မြန်မလာဘူး ..."

"အေးပါဟယ် ... ငါဆရာ့ရည်းစားအကြောင်း စဉ်းစားနေလို့ ..."

ထိုအခါ ဝသုန်က Duty coat ထဲ လက်ကလေးထည့်၍ ချောက်လက်လမ်းတစ်ချောက် တဖြည်းဖြည်း ရွေ့ကာ ...

"ကိုခန့်ဦးရှိန် သိပ်မိုက်တဲ့ ဘဲကြီးပါဟာ ... ငါတော့ ကိုခန့်ကို ယောက်ျားချင်းတောင် ပစ်ကြွေတယ် ..."

"ဟဲ့ ... နင်နော် ... အဲဒါဆရာ့အမျိုးသား ... စိတ်နဲ့တောင် မပြစ်မှားနဲ့ ..."

ဆေးခေတ်လွှာက သူ့အား လက်ညှိုးငေါက်ခနဲထိုး၍ ဆူအောင့်စွာ ပြောလာသည်ကို မျက်စောင်းထိုး၍ ကြည့်လိုက်သည်။ ဘာမှမဟုတ်၊ သူ့ OTP မ လို့ လာတွန့်တို နေခြင်းသာ။ မစားရ အညှော်ခံ ဖူဂျိုရှီစုန်းမနဲ့တော့ ဝသုန် ပြိုင်မပြောချင်တော့။ ဟွန်းခနဲ နှာမှုတ်၍သာ မျက်နှာ လွှဲပစ်လိုက်သည်။

***

"ဆရာ ... ပြန်ပြီလားဗျ ... "

"အေး ..."

ဆေးရုံအဆင်း ချောက်လမ်းတစ်ချောက်က ဝန်ထမ်းလေးများ နှုတ်ဆက်ခြင်းကို သူအသိအမှတ်ပြု ခေါင်းညိတ်ပြဖြစ်သည်။

"တောင်းပန်ပါတယ် လူနာရယ် ... ဆေးလေးထိုးလိုက်ပါ ... "

ဆေးရုံအပြင်ထွက်ခါနီး လူနာခန်း တစ်ခုရှေ့အရောက် ကြားလိုက်ရသော ဆေးခေတ်လွှာ၏ ရိုကျိုးသံ။ စူးစမ်းလိုစိတ်ဖြင့် အထဲကို လှမ်း၍ ကြည့်လိုက်တော့ ...

"ငါမထိုးချင်ဘူး ... အိမ်ပဲပြန်မယ် ... "

လူရွယ်လေး တစ်ယောက်က သူမကို ဆေးမထိုးချင်၍ ဂျစ်တိုက်နေခြင်း

ပင် ဖြစ်သည်။ ဆေးခေတ်လွှာခမျှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ယောင်အမ်းအမ်းဖြင့် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည်။

မြင်နေရသော မြင်ကွင်းဟာ လွန်ခဲ့သည့် တစ်နှစ်ကျော်က ဒဏ်ရာ ဟောင်းကို နှိုးဆနေသည်မို့ မင်းဆက်ရင်ထဲ အောင့်မြက်နာကျင် လာရ သည်။ အမြဲနူးညံ့နေတတ်သည့် မျက်လုံးဝိုင်းကြီးများတွင် အရည်ကြည်များ က စိတ်ပျက်ဖွယ် ပြည့်နှက်လာ၏။

"ငါကလည်း ဆေးရုံမှာ မနေချင်လို့ အိမ်ပြန်မယ်ပြောနေတာကို မင်းတို့မှ ခွင့်မပြုတာ ..."

တဝေ့လည်လာသော နှုတ်ခွန်းများဟာ လူနာလူရွှယ်လေး ဆီကတော့ မဟုတ်။ သူ့ရဲ့ မြတ်နိုးလှစွာသော လူနာ ခန့်ဦးရှိန်မှ ပြန်လည်ထင်ဟပ် လာ မှုပေ။

ကြွေလုဆဲဆဲ မျက်ရည်ဥများကို မျက်တောင်ရှည်များနှင့် ပုတ်ခတ် သိမ်းဆည်းလိုက်ရင်း ဆက်မမြင်နိုင်လိုစွာ နေရာမှ ရှောင်ထွက်လာခဲ့သည်။

လက်ပတ်နာရီ တကြည့်ကြည့်နှင့် ခပ်သွက်သွက် လျှောက်နေသူသည် ကားထုတ်၊ Security ကို နှုတ်ဆက်ကာ အိမ်သို့ အမြန်နှင်ရတော့သည်။

"ကျွန်တော် ဒီနေ့အလုပ်များတော့ ငါးမိနစ်လောက်တော့ နောက်ကျမယ် နော် ... ကိုကို ... "

သူ သတိပေးသလို ဆိုလာသည်က လူတစ်ယောက်ကိုမဟုတ်၊ ကား တစ်ဖက်ခုံမှ အနီရောင် Helmet လေးကို ငဲ့ကြည့်၍သာ။

အချိန်လွန်သော်လည်း ကားကို သတိနှင့် ခပ်အေးအေးမောင်း၍ ခြံကျယ် ကြီး တစ်ခုတည်းသို့ ချိုးဝင်လိုက်သည်။ ပြောင်းလဲမသွားသော နှစ်ဆောင် ပြိုင် တိုက်အိမ်ကြီးက သူတို့နှစ်ယောက် နေစဦးကတည်းကလို။ သန့်ပြန့်

ကျော့ရှင်း၍ အတွင်းပိုင်း အပြင်အဆင်ကအစ အရင်ပုံအတိုင်း တစ်ထပ်တည်း ရလေအောင် သူစီမံခဲ့သည်။

အမှန်တိုင်းဆိုလျှင် သူထားခဲ့သော ကတိကို အလုံးစုံ မတည်နိုင်သေးချေ။ နိုင်ငံခြားမှာ ပညာသွား သင်ခဲ့ရသော ဆရာဝန် တစ်ယောက်အနေနှင့် ကာလအနည်း အကျဉ်းတွင် ခန့်ဦးရှိန်လို လူတစ်ယောက်၏ အိမ်ရာကို ဝယ်နိုင်ဖို့ဆိုတာ အင်မတန်ခဲ ယဉ်းပါသည်။ ကျောင်းစာတစ်ဖက်၊ ရသမျှ အချိန်ပိုင်း အလုပ်တစ်ဖက်နှင့် သူများနိုင်ငံမှာ အောက်ခြေသိမ်း အလုပ်ကစ ကြိုးစားခဲ့ရသော ကောင်ငယ်လေးဟာ သူ့ကိုယ်သူ ဆရာဝန်တစ်ယောက် ဆိုတာတောင် မေ့ကောင်း မေ့ခဲ့ပါလိမ့်မည်။

ရလဒ်အနေဖြင့် ငွေချေရန် ကျန်ရှိသေးသော ခြံကျယ်ကြီးနှင့် ဟိန်းဟိန်းထနေသော ဉာဏ်နေရပ်တွင် တက်နေဖို့ လောက်ထိတော့ လောက်,ငခဲ့၏။ စဦးပိုင်းတွင် ဦးခန့်ညားဆီက အကူအညီကို ငြင်းဆန်ခဲ့ခြင်း အတွက်တော့ သူလိပ်ပြာလုံသည်။

ကားပေါ်မှ ပစ္စည်းများကို ယူကာ အိမ်ထဲသို့ ခပ်သွက်သွက်ဝင်၍ ဆင်ဝင်တွင် ဖိနပ်ချွတ်သည်။ ခန့်ဦးရှိန်၏ ဖိနပ်များပါ အတူတကွ စီရီထားပုံက မသိလျှင် လူနှစ်ယောက် အတူနေသည့် အတိုင်းပင်။

အိမ်နေရင်း အဝတ်အစားများ သေချာလဲလှယ်ရန် နံရံကပ် ဗီဒိုအရှည်ကြီးကို ဆွဲဖွင့်လိုက်၏။ ခေတ္တအကြာ စိုက်ကြည့်ပြီးမှ သူ့စိတ်ကူး ပြောင်းသွားကာ တစ်ဖက်မှ နောက်ထပ် ဗီဒိုရှည်တစ်ခုကို ဆွဲဖွင့်သည်။ Manly ဆန်လှသော အဝတ်အစား မျိုးစုံကြားမှ မွှေနှောက်ကာ သူနှင့် အဆင်ပြေမည်ထင်သော အညိုရောင် Sweater တစ်ထည်ကို အသာဆွဲယူလိုက်သည်။

ခန္ဓာကိုယ် အနေအထား တူညီသည်မို့ ယူဝတ်သမျှ အစ်ကို့အဆောင်အယောင်များဟာ သူနှင့်နေရာတကျ။ ထို့နောက် အိပ်ခန်းထဲမှ

ဖန်စားပွဲတွင် ထိုင်ကာ မပြီးပြတ်သေးသော မှတ်တမ်းအချို့ကို လေ့လာဖတ်မှတ် ရတော့သည်။ ထို့အပြင် KOS Hotel ၏ စာရင်းများကို နိုင်သလောက် ထပ်ကြည့်ရပြန်သည်။ ကိုကို့၏ ကံကောင်းမှုဟု ဆိုရမည် မသိ၊ အစိုးရက သိမ်းဆည်းခဲ့သည့် ပိုင်ဆိုင်မှုများတွင် ဦးခန့်ညားနာမည်နှင့် တည်ထားသော Hotel နှင့် ထိုမှ မော်တော်ယဉ်အချို့ ကိုယ်ပိုင်ရဟတ်ယာဉ် သုံးစီး ပါမသွားခဲ့ချေ။

သူ Singapore မှ ပြန်ရောက်ရောက်ချင်း ခန့်ဦးရှိန်၏ ပစ္စည်းတွေပါဟု ဆိုကာ ဦးခန့်ညားမှ သူ့အား လာအပ်ခဲ့လေသည်။ ထိုလူမှာလည်း သူ့ Company အလုပ်များဖြင့် အားဟန် မတူသောကြောင့် တာဝန်လာဖို့ခြင်း မှန်း နားလည်သော်လည်း ကိုကို့စီးပွားရေးဟာ သူ့စီးပွားရေး ဖြစ်သည်ဟု ခံယူထားသော မင်းဆက်အဖို့ အားကြိုးမာန်တက် တည်ဆောက် လုပ်ကိုင်ခဲ့ပေးသည်။ အားလျှင် အားသလို လုပ်ကိုင်ပေးတတ်သည့် လွှန်းအာကာကြောင့်လည်း သူနည်းနည်း သက်သာပါသည်။

ညရှစ်နာရီထိုး နာရီချက်သံကြောင့် ရေခဲသေတ္တာနား ပြေး၍ အထဲမှ ကြိုမှာ ထား သော Cheese Cake ကို အသာလေး ထုတ်ယူသည်။ တခြား ချက်ပြုတ် ပြင်ဆင်ထားသော အစားအသောက် ကောင်းများကို Microwave နှင့်ပြန်နွေးရင်း ဖန်ခွက်နှစ်ခွက်ထဲသို့ စပျစ်ဝိုင်ကို လောင်းထည့်ကာ စားပွဲ၏ တစ်ဖက်တစ်ချက်တွင် နေရာယူစေ၏။

နေရာတကျ ပြင်ဆင်ပြီးသော ဖန်စားပွဲ အလယ်တွင် ဖယောင်းတိုင် တစ်တိုင်သာ ထွန်းညှိထားသော Cheese Cake ကို တည်ကာ သူ့ထိုင်ခုံတွင် ခပ်လေးလေး ပြန်ထိုင်သည်။

"Happy Birthday to you ...

Happy Birthday to you"

Phone မှ ဖွင့်ထားသော မွေးနေ့သီချင်းအဆုံး သူကိုယ်ကိုကိုင်း၍ Cake နားတိုးကာ ...

"ဖူး ... "

သူသည် ငြိမ်းသက်သွားသော ဖယောင်းတိုင်မီးလေးနှင့်အညီ ချိုသာသော နှုတ်ခွန်းကို ဆိုပါ၏။

"Happy Birthday ကိုကို ... နှစ်ဆယ့်ရှစ်နှစ်ပြည့် မွေးနေ့မှစလို့ သက်ဆုံးတိုင် ကျန်းမာပါစေ ချမ်းသာပါစေ ... "

ကျက်သရေယူသည့် အချိန်နှင့် မဆီဆိုင်စွာ မျက်ရည်တစ်ပေါက်က ပါးပြင်ထက် လိမ့်ခနဲ စီးသွားသည်။

"ကျွန်တော်နဲ့ အတူပေါ့ ... "

ထိုင်ခုံပေါ် ဝုန်းခနဲ ပြန်ထိုင်ချကာ ဝိုင်ခွက်ကို ပင့်မ၍ တစ်ဖက်စားပွဲမှ ခွက်ဆီသို့ ချွင်ခနဲ သွားတိုက်သည်။

"တစ်ခွက်ပဲ သောက်ရမယ်နော် ..."

အချော့စကားဖြင့် ချစ်စနိုး ပြောသော်လည်း တစ်ဖက်က လေဟာနယ်သက်သက်။ သရဲတစ္ဆေကားများမှ ဇာတ်ဝင်ခန်း တစ်ခုနှင့် ဆင်နေသော ဖြစ်ရပ်ကို သူကောင်းမွန်စွာ ကြိုးဆွဲသည်။ တစ်ယောက်တည်း စကားတပြောပြောဖြင့် အစားအသောက်များကို ကုန်အောင်စားသောက်သည်။ မျက်ရည် ရောနေသောကြောင့် ဆားကြိုမထည့်ခဲ့တာ မှန်လေပြီ။

တစ်နှစ် ကျော်ခဲ့ပြီ။ အနားမှာ ချစ်ရသူမရှိဘဲ ဖြတ်သန်းခဲ့တာ တစ်နှစ်ကျော်ခဲ့ပြီ။ ရုပ်ရှင်တွေထဲကလို ခန့်ဦးရှိန်ဟာ မင်းဆက် မမျှော်လင့်ထားသော အချိန်တွင် ဘွားခနဲ ပေါ်မလာသလို Anniversary များတွင်လည်း ရောက်မလာ။

ရက်စက်လိုက်ပါဘိဟု မဆိုချင်။ ကိုကို့ဘဝပျက်ဆီး သွားခဲ့ခြင်း၏ တရားခံဟာ သူ့ကြောင့်သာဟု မင်းဆက် ခံယူထားသည်။

ဒုစရိုက်လုပ်သည့် ချစ်သူကို ဖမ်းဆီးခဲ့သည်က သွေးအေးလှသော သူ့ဖခင်။ သူ့သွေးသား ရင်းချာ၏ ပစ်ခတ်ထိခိုက် စေခြင်းကို ခံခဲ့ရသည့် ကိုကို့အား တောင်းပန်စကားတောင် မဆိုဝံ့။ တွေးတောမိတိုင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်စိတ်နှင့် အားနာမှုက အထုပ်အထည်လိုက်။

"ဟား ..."

ခွမ်း ...

ဖြူလွနေသော ကြမ်းပြင်ထက် ဖန်ကွဲစများနှင့် ဝိုင်နီနီများက စီးပြန့်လျက်။ ဖန်စားပွဲပေါ်မှ ချိုချဉ် အရသာစုံလင်သော အစားအသောက်များနှင့် တစ်ဖက်မှ တင်လျက်ဝိုင်ခွက်လေးကို ငေးရင်း သူမျက်နှာကို လက်ဖြင့် ခပ်ကြမ်းကြမ်း ပွတ်နေမိသည်။

"ဘယ်အချိန်ထိများ ပုန်းနေဦးမှာလဲ ... အချစ်ရယ် ..."

ခပ်ဖွဖွ ဆိုစကားတို့တွင် ရှိုက်သံတို့က နာကျင်စွာ စွက်၏။ မျှော်လင့်ချက်ယဲ့ယဲ့လေးဖြင့်သာ အသက်ဆက်ရှင် ရသည်ဆို ထိုမျှော်လင့်ချက်ဟာ ကိုကိုပဲ ဖြစ်မည်။

နောက်ကျိလေးပင်လာသော စိတ်များကို သူမထိန်းချုပ်နိုင်တော့။ အိပ်ခန်းထဲသို့ မြန်မြန်ပြေးဝင်ကာ စိတ်ကုဆရာဝန် မင်းသစ် ပေးထားသော ဆေးဘူးများကို အံဆွဲဖွ၍ ရှာရတော့သည်။ ဆေးနှစ်ဘူးကို ယူ၍ တစ်လုံးစီထုတ်ကာ ရေမပါဘဲ မျှောချသောက်လိုက်၏။ ခါးသက်စွာ စီးဆင်းသွားသော ဆေးလုံးများကြောင့် အချိန်တစ်ခုကြာ ဘောင်ဘင်ခတ်နေသည့် စိတ်လှိုင်းများက ဖြည်းဖြည်း ငြိမ်ကျလာသည်။

ခေါင်းကိုနာနာယမ်းကာ ဘုရားခန်းထဲဝင်၍ မေတ္တာသုတ် ရွတ်ဖတ်သည်။ ပုတီးစိပ်၊ တရားထိုင်ကာ ပျောက်ရှနေသော ငြိမ်းချမ်းမှုကို အလောတကြီး ရှာဖွေရပြန်သည်။

သို့သော်လည်း တခြားနေ့ရက်များနှင့် မထူးမခြား ရင်ထဲနှံ့သည်းစွာ နာကျင်၍သာ အိပ်ရာစောစော ဝင်ခဲ့ရ၏။

***

"ဟုတ် ... ကြိုးစားပေးပါဦးဗျ ... "

လေသံတိုးဖျဖျက အားမပါစွာ။ ဖုန်းကို ကိုင်ထားသော လက်ချောင်းများက လျော့ရဲချင်သည်။ ဖုန်းလိုင်းလေး တီခနဲ ပြတ်ကျသွားပြီးနောက်၌ လှိုက်တက်လာသော ဝမ်းနည်းမှုနှင့်အတူ မျက်ဝန်းထက် အရည်ကြည်များက ရစ်သိုင်းလာ၏။ နံဘေးတွင် ကျောနောက် ခေါင်းအုံးခံ၍ ကိုယ်တစ်ဝက်လှဲကာ သူ့အခြေအနေကို စူးစမ်းနေသည့် အစ်ကို့အား ခေါင်းကို ခပ်လေးလေး ရမ်းပြလိုက်သည်။

ထို့နောက် သူသည် စိတ်မောစွာဖြင့် အစ်ကိုရင်ခွင်ထဲ တိုးကပ်ဝင်ကာ သက်ပြင်းချမိ၏။

"ခုထိကို မတွေ့သေးဘူး အဏ်ကိုရယ် ... ကျွန်တော်တို့ နောက်ကွယ်မှာ ဒီကောင်ကြီး အဆင်ရော ပြေပ့ါမလား"

ထိုအခါ ချစ်သူက ရင်ခွင်ထဲမှ သူ့ခေါင်းကို လက်ချောင်းများဖြင့် အုပ်ကိုင်အားပေး၍ ...

"တွေ့မှာပါ လွန်းရယ် ... သူ အဆင်လည်း ပြေလောက်မှာပါ။ ခန့်ဦးရှိန်က ဆိုးပေမဲ့ ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင် နေတတ်ပါတယ် ... "

လင်းထက်သူ စိတ်နှင့်သာဆိုလျှင်တော့ လက်လွှတ်လိုက်ချင် မိသည်။

မနက်ကလည်း ခန့်ဦးရှိန်၏ မွေးနေ့ဟုဆိုကာ ဘုရားသွား၊ အလှူပြုနေသော ကောင်လေးကို ကြည့်ပြီး သူစိတ်မကောင်း ဖြစ်မိသည်။ ရဲစခန်းတွေလည်း စုံနေပြီဖြစ်သည်။ အသက်ရှင်လျက် ပြန်တွေ့လျှင်လည်း ခန့်ဦးရှိန်ဟာ ဝရမ်းပြေးသာ ဖြစ်နေတော့ကား ...။

"အိပ်ရအောင် နော်"

ချော့မော့ပြောဆိုကာ ရင်ခွင်ထဲမှ ကိုယ်လေးအား ပခုံးစပ်ထိ စောင်ကိုဆွဲခြုံ ပေးလိုက်သည်။ ပြန်လည် ဖက်တွယ်လာသည့် လက်အစုံဟာ အချိန်ဘယ်လောက်ကြာကြာ မရိုးအီစွာ နွေးထွေးသည်။ နဖူးပြင်ကို အနမ်းတစ်ပွင့် ခြွေချပြီးမှ ...

"Good night လွန်း ..."

"Good night အစ်ကို ... "

အကောင်ပေါက်လေးကို စောင်လုံးထဲ ထွေးထည့်ပွေ့ဖက်ကာ အိပ်စက်ခြင်းဆီသို့ အလည်သွားဖြစ် ကြသည်။

***

## အပိုင်း (၂)

ပြာလဲ့လဲ့ အဆင်းထင်သော မြစ်ပြင်ကျယ်ဟာ မြောက်ဘက် တောင်တန်းဆီမှ စီးဆင်းလာသည်။ မြင်နေရသော အဝေးက တောင်ကုန်းကြီးများမှာ စိမ်းညို့နေသော်လည်း များမကြာမီက တောမီးကြောင့် အချို့နေရာ ပိုင်းများတွင် မည်းညစ်ညို့လျက် ကွက်ကြားနေရှာသည်။

ရေကြည်လှိုင်းများက ခြေချထားရာ မြစ်စပ်ဆီမှ မြေမှုန်စလေးများကို လာရောက် ပွတ်တိုက်သည့်အခါ ကြက်ပေါင် ဖိနပ်ထောင့်စွန်းလေးဝယ် ရွှံ့နယ်တို့ ကပ်ညှိဖြစ်တည်လာ၏။ ထိုဖိနပ် သားရေပြားပေါ်မှ ခြေချောင်းတို့က အဆောင်အယောင်နှင့် မအက်စပ်စွာ ဖြူဆွတ်ရှင်းသန့်လျက် ပြေပြစ်လွန်းလှသည်။ နူးညံ့လှပ၍ မိန်းမဆန်နေတာမျိုး မဟုတ်၊ ခြေဖမိုး နှစ်ဖက်ဆီတွင် အမွှေးအမျှင်အကျဉ်းက နေရာယူလျက်ရှိပြီး သွယ်ပျောင်းသော ခြေချောင်းများမှာတော့ တိတိရိရိ ပိုင်းဖြတ်ထားသော ခြေသည်းကြည်များနှင့် ပန့်သင့်နေသည်။ ကြက်ပေါင်ဖိနပ် ဆင်ထားသော ခြေထောက်တစ်စုံတွင်တောင် ဒီမျှခန့်ညားမှု ကိန်းအောင်းနေပါက ဤဖြစ်တည်မှု၏ အရှိန်အဝါ အလုံးစုံကို သုံးသပ်လို့ဌာ ကြီးလေးလှပါသည်။

သက်မဲ့ဟူသည့် အတိုင်း အလိုက်ကန်းဆိုး မသိစွာ လာပုတ်ခတ်သည့် လေညှင်းများက နဖူးပေါ်ရှိ ကောက်ချိတ်ချိတ်ဆံသား အထွေးပေါ်သို့ အဆုန်အစုန် ကျရောက်လာသည်။ ရှေ့ဆံပင်များက ရှည်လို့ထင်၊ ခပ်စူးစူး မျက်ဝန်းများသို့ လာလာအုပ်၏။

"ငါ-ိုး!"

တစ်ကိုယ်တည်း ကျိန်ဆဲရေရွတ်ရင်း လက်ကောက်ဝတ်မှ သားရေကွင်း နီနီကို ဆွဲကာဖြုတ်၍ ထိုဆံပင်ကောက်များကို စုစည်းကာ ချည်နှောင်နေလိုက်သည်။ ဖြောင့်စင်းမနေသည့် ဆံစများကြောင့် ကြက်တောင်စည်းက တဖြောင်းတည်း သွားမနေဘဲ လုံးထွေးကာ နဖူးထက်ဝယ် ဆံထုံးလုံးကဲ့သို့ ဖြစ်နေ၏။

"ကိုသစ်"

မြင်ဖူးနေကျ ရှုခင်းကို ငေးနေစဉ်မှာတွင် နောက်ပါးဆီမှ လှမ်းခေါ်သံ တစ်စုံ။ ထိုင်နေရာ သစ်ငုတ်တိုမှ ထရပ်လို့ ခေါ်သံဆီ လှည့်ကြည့်လိုက်သည်။ ပုဆိုးတိုတို ဝတ်ထားသော ကောင်ငယ်လေးက မိမိကို ရှာတွေ့သဖြင့် ဝမ်းသာသွားဟန် အနားသို့ ပြေးလာ၏။

"ကျွန်တော် ကိုသစ်ကို တစ်ရွာလုံး ပတ်ရှာနေတာ"

အညိုကွက်စိတ် ပုဆိုးကို ဒူးထိတက်အောင် ပြန်ပြင်ဝတ်ရင်း ဆူပုတ်ပုတ် ဆို၏။ ဤကောင်လေး လုယာသည် တောသားပီပီ အသားညိုညိုနှင့် အပြုအမူကြမ်းသလို ရှိသော်လည်း ငယ်ဂုဏ်လေးနှင့် အညီ ရုပ်ဖြောင့် ကြည့်ကောင်း ရှာသည်။

"ငါဒီမှာ ခဏလာထိုင်နေတာ ... ဘာပြောမို့လဲ"

"ရွာဇရပ်ဆောက်တာ လုပ်အားပေးမယ်ဆို"

"သြော် ... အေး ... ငါမေ့သွားလို့ကွာ"

မေ့တတ်လွန်းသည့် ဦးနှောက်ကို အပြစ်မဆိုချင်တော့။ ဒီလိုအသေးအဖွဲ အမှုကိစ္စမဆိုနှင့်၊ မွေးဖွားရာ နေရပ်ကစ ရှင်သန်ရာ ဝန်းကျင်အဆုံး မိမိကိုယ်ကိုအထိပါ မေ့လျော့နေသည့် အစိတ်အပိုင်းပေ မဟုတ်လား။

"ရွာထဲ သွားရအောင်"

"ကိုသစ် ... ခဏ"

ခြေမလှမ်းသေးဘဲ သူ့ကိုကြည့်ကာ လက်ညှိုးညွှန်လာသည်က နဖူးထိပ်မှ ကြက်တောင်စည်း လုံးလုံးဆီသို့ ...

"ဟက် ဟက် ချစ်စရာလေး"

တစ်ဖက်လူက သဘောရိုးဖြင့် ပြောလာသော်လည်း သစ်တော၏ မျက်မှောင်တို့ ဆတ်ခနဲ တွန့်ချိုးသွားမိသည်။

"ဟက် ဟက် ချစ်စရာလေး"

မျက်စိရှေ့မှ ကောင်လေးပြောခဲ့သော စကားသံကား ထိုကောင်လေးပြောတာ မဟုတ်ပေ။ ဟုတ်သည်။ လုယာလို ချိုမြမြမဟုတ်ဘဲ သြရှရှထိုအသံ။ တစ်နေရာတွင် ရင်းရင်းနှီးနှီးကို ကြားဖူးနေသည်။

ဘယ်နေရာများပါလိမ့်။

ဘယ်သူက ပြောခဲ့တာပါလိမ့်။

"ကိုသစ်"

"ဟေ ... အင်း"

သူ့အပြောကြောင့် ငူငူကြီးရပ်နေသည်မှာ စက္ကန့်ပိုင်းလောက်ရှိပြီ။ ခေါ်သံ တတိယမြောက်ကြိမ်တွင်မှ အယောင်အမှားမှားဖြင့် သတိဝင်လာသူဟာ အတွေးရေယဉ်ကြောထဲ လွင့်မြောနေဟန်။

"ဘာဖြစ်လို့လဲဟင် ... တစ်ခုခုကို မှတ်မိသွားလို့လား"

"ဘာမှမဟုတ်ဘူး ... လာ သွားမယ်"

"ဟုတ်"

အပျက်ပျက် အယွင်းယွင်း သူ့မျက်နှာကို ပြန်ပြင်၍ ရွာထဲဝင်ရန်ပြု

သော်လည်း လုယာဖက်မှ လုပ်ရပ်တစ်ခုကြောင့် ခြေလှမ်းတို့ တန့်သွားရပြန်သည်။

"လုယာ ..."

သတိပေးသလို ခပ်ဖျော့ဖျော့ အသံကြားစဉ် သစ်တောပခုံးပေါ်မှ စောင်း လုယာ၏ လက်ချောင်းတို့က ဆတ်ခနဲ တုန်သွားသည်။ မတော်တဆ မဟုတ်သည့် ထိကပ်ခြင်းများကို ကိုသစ်မနှစ်မြို့မှန်း ပခုံးသားအချို့ကို ယုယချင်သည့် လက်ချောင်းထိပ်များက မေ့လျော့ခဲ့ဟန် တူသည်။

"ကန်တော့ ... ကိုသစ်"

ထိုလက်တို့ကို သိမ်ငယ်စွာဖြင့် ပြန်လည်ရုတ်သိမ်း မိသည့်အခါမှ နှုတ်ခမ်းပါးရဲရဲကို တွန့်ကွေးပြလာသည်က ကိုသစ် သူ့ကို ချွေးသိပ်နေသလား။ ရှာထဲဝင်တွင်လည်း ကိုသစ်နံဘေးမှ လှမ်းလျှောက်ရမှာ တွန့်လာစိတ်ကြောင့် ခြေတစ်လှမ်း အနောက်ဆုတ်၍သာ လျှောက်လှမ်းဖြစ်သည်။

စွပ်ကျယ်ဖြူနှင့် ခြေမျက်စိထိရှည်သော ပုဆိုးနက်ကို ဝတ်ထားသော်လည်း ကိုသစ်ဟာ ခမ်းနားလှသည်။ အနောက်ဆီမှ တည့်တည့်မြင်နေရသော လည်ကုပ်ထက်က ပင့်ကူအိမ်ပုံ စုတ်ချက်တို့က ဖြူသော အသားအရည်ကြောင့် နေရောင်ထဲမှာ ထင်းနေသလို လုယာ၏ နှလုံးသားတွင်လည်း အပြည့်အဝ နေရာရပါသည်။ ကြည်လင်သော ကောင်းကင်ကို မော့ကြည့်လျက် ရင်တွင်းဆီမှ အော်သံကို ဖွက်လျှိုးလိုက်မိသည်။

တမင်တကာ ကျူးကျော်မိတဲ့ လက်ချောင်းတွေကတော့ အူမြူးနေတော့မှာပဲ ... ကိုသစ်ရေ။

"သိုက်မင်းထက် ... ညှော်တွေ့"

အစောင့်၏ ခပ်ကျယ်ကျယ် ခေါ်သံအဆုံး စာကျက်ခန်းထဲမှ အဆောင်

ဝတ်စုံဖြင့် ကောင်လေးက ပြေးလာသည်။ အုပ်ထိန်းသူနေရာ လက်မှတ်ထိုးနေရင်း မင်းဆက် လှမ်းပြုံးပြလိုက်သည်။

"ဟီးဟီး ... ကိုကြီးပါလား ... မေကြီးလာမယ်ထင်တာ"

အနားရောက်လျှင် ရောက်ချင်း မျက်နှာချိုသွေးလျက် ပစ္စည်းခုံပေါ်မှ မုန့်ထုတ်များကို မင်းဆက်ဆီမှ လက်လွှဲယူ၏။

"ဒီနေ့ Mart မှာ မင်းကြိုက်တဲ့မုန့်တွေ တွေ့လို့ ကိုကြီးလာပို့တာ"

ခုမှ အဆောင်ဝင်ခါစ ကောင်လေးက စာတွေအများကြီး ကျက်ရလို့ထင်၊ နည်းနည်းပိန်သွားသည်။ အရပ်ပိုရှည် လာတာကလွဲလျှင် မင်းထက်က ယခင်တုန်းကလို ချစ်ဖို့ကောင်းနေဆဲပင်။

"စာတွေလိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ်။ ကိုကြီးရော နေကောင်းလား"

သူ ညီ့တွေ့လာသည့် အခါတိုင်း သတိတရမေးတတ်သည်က ကျန်းမာရေးပဲ ဖြစ်သည်။ မင်းဆက် ခပ်ဖျော့ဖျော့ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"အေး မဆိုးပါဘူး"

အဆင်ပြေတယ်ဟု ပြောနေသော်လည်း ကိုကြီး စိတ်ကျန်းမာရေး အလုံးစုံ မထူထောင်နိုင်သေးဘူးဆိုတာ မင်းထက် နားလည်ပါသည်။ ဖျတ်ခနဲ ပေါ်လာသော အတွေးအား ပြောပြမိချင်သည့် စိတ်ကို ပိုဆိုးသွားမလားအသိက လွှမ်းလာတဲ့ အခါတွင်တော့ မင်းထက် အကြပ်ရိုက်သွားသည်။

"ဟိုလေ ..."

"အင်း ... ပြော"

"အားတက်စေဖို့များ အထောက်အကူ ဖြစ်လေမလား" ကလေးစိတ်ဖြင့် ဖွင့်ဟချင်စိတ်က တဖွားဖွားပင်။

"ကျွန်တော် ညက အိပ်မက်မက်တယ်"

"အင်း ... ဘယ်သူ့ကိုလဲ"

"ကိုကြီးခန့်ကို ... "

" ... ."

မုန့်ထုပ်များကို သေချာစစ်နေသော လက်ချောင်းတို့က ရပ်တန့်၍သွားသည်။ မင်းထက်ကို မော့ကြည့်လာသော မျက်ဝန်းညိုများက အံ့ဩမှုအရိပ်အယောင်များနှင့်အတူ ဝမ်းနည်းမှုအချို့ ယှက်နေသည်။

"ဟုတ်လား"

"အင်း ... ကိုကြီးခန့်နဲ့ ပြန်တွေ့ရတော့မယ် ထင်တယ်။ ကိုကြီး အားတင်းထားပါနော်"

သူ့လက်ကို ဆုပ်ကိုင်၍ မဝံ့မရဲ အားပေးလာခြင်းကို ခေါင်းညိတ် အသိအမှတ် ပြုပေးမိသည်။

ကိုကြီးလည်း ယုံပါတယ်။

ဒီယုံကြည်မှုနဲ့ပဲ အသက်ရှင် နေရတာမို့ ...။

ချက် ... ချက် ..."

ဆံသဆရာ ဦးအုန်းကျော်၏ လက်ဆကြောင့် ကောက်ကွေးကွေး ဆံမျှင်များက အုတ်ကြမ်းပြင်ထက် တတိတိသက်ဆင်း ကုန်သည်။ အကောက်တွန့်ကြီးသော ဆံသားများဖြစ်၍ ခပ်များများ ညှပ်သင်ပြီးသော နဖူးထိပ်မှာတောင် လှိုင်းတွန့်သဏ္ဍာန်တွေ ထင်ကျန်နေ၏။ ဧည့်သည်ဖြစ်သူကတော့ ရွာလမ်းထိပ်မှ ဝယ်လာသော အာလူးကြော်ပေါ့ တစ်ထုပ်ကို အပီ

အပြင် နှိုက်စားလျက် မှန်ကတစ်ဆင့် သူ့ပုံရိပ်ကိုသာ ကြည့်နေသည်။

"သစ်တောရာ ... မင်းဆံပင်တွေက အရမ်းကောက်တာပဲ။ ရှေ့ကျနေတာတွေ ညှပ်ပစ်တာတောင် ကောက်နေတုန်း"

"ဟုတ်တယ် ... ကျွန်တော်က မွေးရာပါ ကောက်တာထင်တယ်"

တွေးဆဆပြောရင်း ပြဒါးပြင်ထဲက ကိုယ့်ကိုယ်ကိုယ် ပြုံးပြဖြစ်သည်။ ဘဝဆုံးသွားသော ဆံပင်ဆဲလ်သေ အချို့ကြောင့် မကျဉ်းမကျယ် နဖူးပြင်က ပေါ်လာ၏။ မျက်နှာချောချောက ပိုရှင်းသွားသည်။ နားထင်များပါ ပါးလိုက်ခြင်းအားဖြင့် နားရွက်ပိုင်းနှစ်ဖက်နှင့် ယောကျ်ားပီသသော မေးရိုးက ထင်းထင်းခန့်၏။ နီဆွေးနေသော နှုတ်ခမ်းထူတစ်စုံနှင့် နှာတံဖြောင့်ဆီမှ မှည့်ညိုလုံးဟာ နဂိုသန့်သော သစ်တောအတွက် ရုပကာပြည့်စုံခြင်းအဖြစ် အားဖြည့်လောင်စာများ မည်သည်။

"လုယာလေးရော နေကောင်းလား။ ဒီရက်ပိုင်း မတွေ့လို့"

ဆံပင်ညှပ်ထားပြီးသော ခေါင်းလုံးလုံးလေးကို ဘာဆေးတွေမှန်းမသိ ဖျန်းဆွတ်နေရင်း ဦးအုန်းကျော်က အမေးဆတ်၏။ လည်ကုပ်ပေါ် ဆံပင်တွေ ကျမှာစိုး၍ တဘက်တစ်ထည်သာ ဖြစ်သလို အုပ်တင်ထားသည်။

"အဲ့ကောင်လေးက ယာကိစ္စတွေနဲ့ ရှုပ်နေလို့ ဒီဖက်မလာဖြစ်တာ။ ကျွန်တော်လည်း အားရင် ကူလုပ်ပေး ဖြစ်ပါတယ်"

"အေး ... ကူပေးလိုက်ပါဦးကွာ။ ညီအစ်ကိုနှစ်ယောက် တူတူလုပ်တော့ ပိုပြီးတာပေါ့"

ထို့နောက် လည်ပင်း၌ ကပ်ငြိနေသော ဆံတိုစများကို ဖော့တစ်ခုဖြင့် ပွတ်ရှင်းပေးနေသည်။ ရွာက တစ်ခုတည်းသော ဆံသဆိုင်လေးဖြစ်၍ ခမ်းခမ်းနားနားတော့ မရှိတန်ရာ။ သူ့ပစ္စည်း သူ့ကိရိယာနှင့် သူတော့ တင့်

တင့်တယ်တယ် ရှိရာသည်။ ဆိုင်ရှေ့က ရွာလမ်းကျယ်တွင်တော့ ကလေးငယ်များက ရွှံ့နွံလူးလျက် အားပါးတရ ဆော့ကစားနေကြသည်။ သနပ်ခါးပါးကွက်ကြားနှင့် ငါးနှစ်ခြောက်နှစ်အရွယ် ကလေးများ၏ တဆာဆာအော်သံက ပူညံ့လှသည်မို့ သစ်တောအာရုံ နောက်လာသည်။

"ဟေ့ ကလေးတွေ ... ဒီမှာ ဆံပင်ညှပ်နေတာ မမြင်ဖူးလား၊ တိတ်တိတ်နေစမ်း ငါလုပ်လိုက်ရ သေကုန်တော့မယ်"

"ကိုကြီးသစ်တောတော့ ... တိတ်တိတ်နေကြ"

ဆိုင်ထဲမှ ဟောင်ဖွာဟောင်ဖွာနှင့် လှမ်းအော်ကာမှ ပုစိလေးများက ဇက်ပုဝင်လျက် အသံတိတ်သွား ကြသည်။ ရွာရဲ့ လောင်းကျော်လေးများက သစ်တောကို ကြောက်နေကြပုံ ကြည့်၍ ဦးအုန်းကျော်တောင် ခပ်ဟဟ ရယ်မိသေး။

"ဒါနဲ့ မင်းအသက် ဘယ်လောက်ရှိပြီ ထင်လဲ"

ကိုယ့်အကြောင်းကို "ထင်လဲ" နှင့်မေး၍ "ထင်တယ်" နှင့် ဖြေရမှာက နည်းနည်းတော့ ရယ်စရာ ကောင်းသည်။ သို့ပေတည်း တတ်မှမတတ်နိုင်၊ ကိုယ်ကမှ ကိုယ့်အကြောင်း မသိတာ။

အသက်အရွယ်ကိုဖြေရန် ရုပ်ရည်ကို မှန်ကြည့်၍ ပြန်လည်ချင့်ချိန် လိုက်သည်။ သစ်တောဟာ ချောသန့်သော်လည်း နုဖတ် ငယ်ရွယ်နေတာမျိုး မဟုတ်၊ ဆယ်ကျော်သက် အရွယ်နှင့်လည်း လုံးလုံးမှ မတူပါ။

"ရုပ်က နည်းနည်းရင့်ချင် သလိုပဲ ... ကျွန်တော့်အထင် နှစ်ဆယ့်ခြောက်လောက်တော့ ရှိပြီထင်တယ် ... ဦးအုန်းရော ဘယ်လိုထင်လဲ"

"အေး ... ငါလည်း အဲ့လိုပဲထင်တယ်"

ခဏရပ်ထားသော အာလူးကြော် စားခြင်းကို ပြန်လည်ပြုမူရင်း ပြုံးရိပ်

သန်းမိသည်။ ဒီလိုအရွယ်ထိ လူ့လောကကြီးမှာ နေလာခဲ့ပြီပဲ။ ဘာတွေ ဘယ်လောက်ထိ ပြီးမြောက်ခဲ့ပြီလဲ။ ဘယ်သူတွေနဲ့ရော ကြုံခဲ့ရလဲ။ သူ့မှာ အသိုက်အမြုံနှင့် နှောင်ကြိုးအချို့ရော ရှိနိုင်မလား။

အင်း ... သူမသိတဲ့ သူ့ဘဝက စိတ်ဝင်စားစရာတော့ ကောင်းခဲ့မှာ။ ။

***

## အပိုင်း (၃)

"အား ... ကိုကို ..."

တိတ်ဆိတ်နေသော အလုံပိတ်အခန်းဝယ် ကောင်ငယ်လေး တစ်ယောက်၏ ငိုသံက ကျယ်လောင်စွာ ပဲ့တင်ထပ်နေသည်။ ရှေ့ဖန်စားပွဲပေါ်မှ ဓာတ်ပုံလေးကို ကြည့်၍ ပခုံးများ လှုပ်ခါအောင် တသိမ့်သိမ့် ရှိုက်ငိုပုံအရ သူ့အလုပ် အောင်မြင်မှန်း စိုးနိုင် သိလိုက်ရသည်။

"ခန့်ဦးရှိန်ဆိုတာ သေချာလား ... ဒေါက်တာ"

နောက်ထပ်တစ်ခါ ထပ်အတည် ပြုရာတွင်တော့ မျက်ရည်ကျလျက်ပင် ခေါင်းအတွင်တွင် ညိတ်ပြသည်။ ဓာတ်ပုံချပ်ထဲမှ လူဟာ ရပ်ကွက်စျေးတစ်ခုတွင် လှုပ်ရှားသွားလာ နေခဲ့သည်။ မိမိကို အလုပ်အပ်ထားသော ခန့်ဦးရှိန် ဆိုသူနှင့် ရုပ်ဆင်သောကြောင့် ကင်မရာထုတ်၍ ဘေးတစ်စောင်း ပုံရိပ်ကို ဖမ်းယူလိုက်ခြင်းပင်။ သို့သော် သူသိထားသော ခန့်ဦးရှိန်နှင့် အနေအထား၊ အဆောင်အယောင် ချင်းတော့မတူ ... ထိုလူသာ တကယ့်ကို တောသားတစ်ယောက်ဟန် ဖြစ်သည်။ ထို့ကြောင့် သေချာစေရန် ကာကယံ ရှင်ဆီ လာရောက် အကြောင်းကြားရာက သူ့အလုပ် အောင်မြင်ခဲ့သည်။

"အဲဒါ ဘယ်နေရာလဲ စိုးနိုင်"

"ပဲခူးက နယ်မြို့တစ်ခုမှာပဲ ဒေါက်တာ ... ဒါပေမဲ့ သူ့ပုံကြည့်ရတာတော့ အဲ့နယ်က ဟုတ်ဟန်မတူဘူး။ အနီးနားက ရွာတစ်ရွာရွာက ဖြစ်မယ်"

"သူက အဲ့စျေးကို ဘာလာလုပ်တာလဲ"

"ကျွန်တော်မြင်ရ သလောက်တော့ တိုက်ကြက် ဝယ်နေတာဗျ"

"တိုက်ကြက်"

အမျှင်မပြတ်သော မျက်ရည်စီးကြောင်းများကို ပွတ်သုတ်ရင်း သံယောင်လိုက်မိသည်။ ထို့နောက်တစ်ဖန် ထိုဓာတ်ပုံလေးကို ငေးမော မိသည်။ ဘေးတစ်စောင်း အနေအထားဖြင့်သာ ပုံရိပ်ထင်သော်လည်း မှား စရာ အကြောင်းမရှိ၊ ကိုကို့၏ ဆံပင်စလေး မြင်လျှင်တောင်မှ မှတ်မိနိုင် သော သူ့အတွက် ဒီပုံဟာ အထူးအထွေ အတည်ပြုစရာ မလိုအောင် သေချာ ခဲ့သည်။ ပါးသင်ထားသော နားထင်တစ်ဖက်နှင့် တစ်ခြမ်းသာမြင်ရသော မျက်နှာချောချောက သူ့သွေးခုန်နှုန်းများကို ဆွဲညှစ်နေသည်။ နဖူးပေါ်ကျ မ နေတော့သော ဆံပင်ကောက်များကို လက်ညှိုးထိပ်ဖြင့်သာ ဖွဖွ ထိတွေ့ မိသည်။

ကိုကို တကယ်ကို အသက်ရှင် နေခဲ့သည်။ သူယုံကြည်ထားသလို ကိုကိုက ဒီကမ္ဘာကြီးမှာ ရှင်သန်ကျင်လည် နေသေးသည်။ လှိုက်တက်လာသော ဝမ်းနည်းဝမ်းသာမှုနှင့် မင်းဆက် တစ်ကိုယ်လုံး ကြက်သီးထလာရသည်။

ကျွန်တော်တို့က ဖူးစာဖက်တွေဆိုတာ မှန်နေတာပဲ။

***

"ဖြစ်ပါ့မလားကွယ် ... "

ရုံးခန်းထဲ ပျံ့နှံ့လာသော ဆေးရုံအုပ်၏ လေသံက စိုးရိမ်မှုတို့ စွက်၍နေသည်။ စားပွဲရှေ့တည့်တည့်မှ မင်းဆက်ကတော့ တောင်းဆိုသည့် မျက်ဝန်းများဖြင့်သာ ပြန်လည် အဖြေပေးလိုက်သည်။

"မဖြစ်စရာ အကြောင်းမရှိပါဘူး"

"ကျောင်းကို ဘယ်လိုလုပ်မှာလဲ"

"ကျွန်တော် နားမယ် ..."

"ဘာ ... သိုက်မင်းဆက် မင်းရူးနေသလား"

ပြတင်းပေါက်ကို ကျောပေးထားရာမှ ဆရာသည် သူ့ဘက် တအံ့တဩ လှည့်၍ လာသည်။ သူ ဆရာ့အပေါ် အားမနာသလို စိုးရွံ့မှုလည်း မရှိချေ။ အေးစက်စက်သာ ပြန်ကြည့်ပေးဖြစ်သည်။ ထိုအနေအထားကြောင့် ဆေးရုံအုပ်က သူ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်၍ ခပ်လျော့လျော့ သက်ပြင်းချသည်။

"ကျွန်တော် သူ့ကို မတွေ့ရမချင်း ရူးနေဦးမှာပဲ"

ခိုင်ခိုင်မာမာ ပြတ်သားနေပြန်တော့ အလိုမကျ ချင်သေးသည့် စိတ်အနည်များအား ဘောပင်ထိပ်လေးမှာ စုပုံလျက် ဖန်စားပွဲကို တတောက်တောက် ခေါက်နေလိုက်သည်။ ဒီကောင်လေး ခေါင်းသိပ်မာပေသည်။

"ဆရာက မင်းကျန်းမာရေးကို စိတ်ပူတာပါ"

"ကျွန်တော် အဆင်ပြေပါတယ်။ မန္တလေးမှာ နေတာထက်စာရင်တော့ ပို အဆင်ပြေမယ်"

အင်မတန်မှ စိတ်အားထက်သန်နေသည့် ကောင်လေးအား သူတားမြစ်စရာ စကားလုံး ရှာမတွေ့။ သိုက်မင်းဆက် ရောက်သည့်နေရာတွင် အဆင်မပြေမှုဆိုတာ ဘယ်တုန်းကမှ မရှိခဲ့သည်ကို နားလည်သည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေအောင် နေတတ်သည်ဆိုထက် ဤဆရာဝန်ဟာ တော်ကိုတော်လွန်း၏။ သို့ပေတည်း ဆေးပညာ အားနည်းသည့် နယ်မြို့လေးတွင်တော့ မကြာသေးခင်ကမှ ကျန်းမာလာသော စိတ်ဝေဒနာသည်ကို စိတ်မချချင်။

"မင်းဟိုမှာ ဘယ်လောက်နေမှာလဲ"

"အခြေအနေအရပဲ ဆရာ ..."

"အင်း ... မင်းဖက်က ဆန္ဒရှိနေတော့လည်း ဆရာဘာမှ မပြောလိုပါဘူး။ ဒါပေမဲ့ မင်းတစ်နှစ်ထက်တော့ ပိုမကြာနဲ့ ... ဆရာဆေးခွင့် တင်ထားပေးမယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦး"

"ကျေးဇူးပါ ဆရာ"

မင်းဆက် သူ့ဆုံးဖြတ်ချက်ကို ဘယ်သူတားတား ပြင်မည်မဟုတ်။ ကိုကိုရှိသော နေရာက ရှာငယ်ဇနေပုဒ်မက ငရဲပြည် ဆိုလျှင်တောင် သူရဲရဲကြီး လိုက်ဆင်းပါဦးမည်။

ကိုကိုမရှိခင်က သဘာဝကျစွာ ကျင်လည်ခဲ့သော သူ့ဘဝကို ကိုကိုဝင်လာပြီး နောက်မှာတော့ ကိုကိုမရှိ၍ မဖြစ်တော့တာကို သတိထားမိခဲ့သည်။ သူ ကိုကို့ကို လိုအပ်သည်။ အသက်ဆက်ရှင်နိုင်ဖို့ လိုအပ်သည်။ အနားမှာ ကိုကိုမရှိ သေးသရွေ့ အတူခဲ့ဖူးသော ဝန်းကျင်မှာ သူနေထိုင်ဖို့ လျော့ရဲသည်။ သူ ကိုကိုရှိသည့် နေရာကို လိုက်မှကိုဖြစ်မည်။

အေးစက်စက် နံရံကို မှီကပ်၍ သက်ပြင်းမျှင်းမိသည်။ ရုတ်တရက် မွန်းကျပ်လာသော အာရုံကြောင့် နားထင်ကြောကို လက်ချောင်းထိပ်များဖြင့် ပွတ်ဖိလိုက်သည်။ Duty coat အိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ကာ ဖွင့်ကြည့်လိုက်တော့ Wallpaper တွင် ထင်ဟပ်လာသော ကိုကို့ဓာတ်ပုံ။

ပထမဆုံး အနမ်းအစပျိုးရာ ဒီလျှောက်လမ်းမှာ ဖြစ်တည်ခဲ့သော ဓာတ်ပုံလေးပေ။ ပုံထဲတွင် သူ မ,တင်ပေးခဲ့သော ခေါင်းလုံးလုံးဟာ ပခုံးပြန့်တစ်ခုမှာ အေးအေးလူလူ နားခိုနေသည်။ အသက်မဝင်သော Screen ထက်က ဆံပင်ကောက်လေးများကို လက်ညှိုးထိဖြင့် သတိလက်လွတ် ထိတွေ့နေမိသည်။ နှာတံဖြောင့်လေးပေါ်မှ မှည့်ညိုလေး ... နှုတ်ခမ်းပါးရဲရဲ ... အစိတ်အပိုင်း တစ်ခုချင်းစီကို အရူးတစ်ယောက်လို တမြတ်တနိုး ထိတွေ့

နေသည်။

လွမ်းလိုက်ရတာ ... ချစ်သောရယ်။

ကျွန်တော် သိပ်လွမ်းလိုက်ရတာ ...။

***

"အင်း ..."

လျှော့ချလိုက်သော ဆန္ဒတဆုံး သူ့လက်ချောင်းများဟာ ညစ်ထေး ကုန်သည်။ တစ်ကိုယ်လုံး အားအင်များ ကုန်ခမ်းသွားသလို ခြေထောက်ပင် မတ်မတ်မရပ်ချင်တော့။ ခန္ဓာမှ စွန့်ထုတ်ထားသော အညစ်အကြေး အချို့ကို ရှင်းရင်း သစ်တော အာရုံနောက်လာသည်။

ယောကျ်ားတစ်ယောက်ဖြစ်၍ ကာမမှာ တောက်လောင်တတ်သည်ကို နားလည်သည်။ သူ့အတွက် ထူးဆန်းနေသည်က ခံစားမှုကို အရင်တပ်မက်တာ မဟုတ်ဘဲ တစ်စုံတစ်ယောက်ကို လိုအပ်လျက်သာ ထိုဆန္ဒနောက် စီးမြောမိသွားခြင်းပေ။ ခံရခက်သည်က ဘယ်သူမှန်း မသိသော ထိုလူမှာ သူ့အိပ်မက်အချို့တွင်လည်း ပါဝင်တတ်သည်။ အထိအတွေ့တွေကို ရင်းနှီးကျွမ်းဝင်နေသည်။ အဆိုးဆုံး သူဟာ ထိုလူနှင့် ကာမဆက်ယှက်ဖူးသည် အထိပါ အာရုံထဲ ထင်ဟပ်တတ်၏။ ပိုစိတ်ညစ်ဖို့ ကောင်းသည်က မိန်းမတစ်ယောက်၏ အရိပ်အယောင်မျိုးမဟုတ် ...။ မှတ်ဉာဏ်များဟာ လေနှင်ရာရွေ့နေသော တိမ်စိုင်များလို အတည်တကျမရှိ၊ မှိန်ဖျော့လွန်းလို့ ဖမ်းဆုပ်ဖို့ ခက်ခဲလှသည်။

တဒုတ်ဒုတ် မြန်လာသော နှလုံးသားသံစဉ်က တစ်ကိုယ်တည်း ဖြေဖျောက်မှုကြောင့်တော့ မဟုတ်တန်ရာ ...။ ဝဲရင်အုံကို လက်ဖဝါးဖြင့် ဖွဖွဖိအုပ် ကြည့်မိတော့ ခံစားမိသည့် နှလုံးအိမ်က ကဆုန်ပေါက်မှုဟာ

ရင်ဘတ်အရည်ပြားပေါ်မှ အမည်နာမတစ်ခုနှင့် ထပ်တူကျနေ လေသလား။

Thike ...

သူ့နှလုံးသား တည့်တည့်မှာ ထိုစုတ်ချက်က တည်နေခဲ့သည်။ ယောကျ်ား တစ်ယောက်၏ အမည်နာမမှန်းသိလျက် မဟုတ်ပါစေရန် ဆုတောင်းပြီး တုန်လှုပ်နေမိသည်။ မျိုးတူယောကျ်ားရဲ့ နာမည်ကို သူဘာကြောင့် ဒီနေရာမှာ ထိုးနှံခဲ့ရတာလည်း။

ပါးပြင်မှ စိုစွတ်စွတ်အ ထိအတွေ့ကြောင့် ထုံးစံအတိုင်းပဲ မျက်နှာကို ပွတ်သုတ်လိုက်ရသည်။ ဘာမှမသိဘဲ မျက်ရည်က ပြိုပြန်ပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း အားမလိုအားမရ ဖြစ်မိချေသည်။

အုန်းစားစရာ အတွေးတချို့ကို ခေါက်သိမ်းရင်း ရေအိမ်မှထွက်၍ အိမ်ဆီ ပြန်လှည့်လာခဲ့သည်။ ဒီချိန်ဆို ပွဲစားကြီးမြနှင့် သူ့အပေါင်းအပါများက သစ်တောတို့ အိမ်ရှေ့မှာ စကားဝိုင်း ဖွဲ့နေလောက်ပြီ။ လုယာ၏ လယ်ယာများအတွက် အလုပ်သမားများကို ကြီးမြက အမြဲတစေ ရှာဖွေပေးတတ်သည်။ အလုပ်မရှိသည့်အခါ များတွင်လည်း တချို့လူကြီး သူမများက လုယာတို့အိမ်တွင် စုဝေးလျက် အာလူးဖုတ်တတ် ကြသည်။ ဒါက သူတို့ရွာရဲ့ ချစ်စရာဓလေ့ပင်။

တစ်ကောင်ကြွက်ဖြစ်သော စောင်းလုယာက လိမ္မာရေးခြားရှိ၍ ရပ်ကျိုးရွာကျိုး သယ်ပိုးတတ်သော ကာလသားတစ်ယောက် ဖြစ်သဖြင့် ရွာက အကြီးပိုင်းများက ချစ်ခင်ကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးပါးသွားသော မိဘများဆီမှ အမွေရခဲ့သော်လည်း မျိုးရိုးစဉ်ဆက် လုပ်ငန်းပိုင်းနှင့် ပတ်သတ်၍ သူများဆီမှာ အောက်ကျို့ ခံနေရတာမျိုးမရှိ။ အသက်တောင် မပြည့်သေးသော ကောင်လေးက သူ့ယာလုပ်ငန်းများကို သေချာစီမံ ခန့်ခွဲ

တတ်သည်။ ပြောရမည် ဆိုလျှင်တော့ လုယာဟာ ရွာမှာ အငယ်ဆုံး ပြည့်စုံသူတစ်ယောက်။

ထို့အပြင် ကောင်ငယ်လေးက သစ်တော၏ အသက်သခင် ကျေးဇူးရှင် ဖြစ်သည်။ ကယ်တင်သွားသော ဘဝတစ်ခုအပြင် မတောင့်မတ မကြောင့်မကျ နေခဲ့သော ရွာသားဘဝမှာ ကျင်လည်ခဲ့ခြင်းက ထိုကောင်လေးကြောင့်ပင်။ လက်မခံချင်စရာ ကောင်းသော်လည်း သစ်တော်ထက် ဆယ်နှစ်လောက် ငယ်ဟန်ရှိမည့် ထိုကလေးက သစ်တော၏ အုပ်ထိန်းသူ နေရာတွင် ရှိနေခဲ့သည်။

"သစ်တောပါလား ... မင်းဘယ်ပျောက် နေတာလဲလို့။ ကြီးမြက မေးတော့မလို့"

အိမ်ရှေ့ ကွပ်ပျစ်ပေါ်တွင် ထိုင်နေသော လူကြီးများကြားမှ ကြီးမြသက်က လှမ်းခေါ်သည်။ ကွပ်ပျစ်စွန်းမှာ ဝင်ထိုင်လိုက်ကာ လူကြီးများအလယ်မှ လက်ဖက်သုပ်ကို စွေ့ခနဲ မ၍ တစ်ဇွန်းယူစား လိုက်သည်။

"တယ် ... ဒီကောင်လေးနှယ်။ လူကြီးတွေ စားနေရင် ယူမစားပါနဲ့ဆို"

"ဘာဖြစ်လဲ စားမှာပဲ"

လျှာထုတ်ပြကာ ရေနွေးကြမ်းပါ ယူသောက်နေသည့် ကောင်လေးကြောင့် ကြီးမြ အသည်းယားစွာ ရယ်လိုက်မိသည်။ ဒီကလေးက ပြန်လည်းပြော၊ နားလည်းမထောင်။ လူကောင်ကြီးသာကြီးတာ၊ စိတ်က ကလေးသာသာ။ ရုပ်ရည် ရူပကာကတော့ ဖြောင့်လိုက်တာမှ ကြီးမြတို့အား ငယ်စဉ်က နာမည်ကြီး မင်းသားချောတွေကိုတောင် သွားသတိ ရမိစေသည်။

"ကျွန်တော် ကိုသစ်အတွက် လက်ဖက်သုပ်လာတယ်"

အလိုက်သိသည့် သူ့ညီက လက်ဖက်သုပ် ပန်းကန်လေးကိုင်ကာ အနား

ရောက်လာမှ သစ်တောက ပြုံးတော့သည်။ ပုဇွန်ခြောက်တွေ အပြည့်နှင့် ဆီနိုင်နိုင် လက်ဖက်သုပ်က အကောင်းကြိုက်သော သစ်တောအတွက် လူကြီးတွေရဲ့ လက်ဖက်သုပ်ဖက် မလှည့်အောင် ဆွဲဆောင်နိုင်၏။

"လုယာ ... ငါမင်းကို ပြောစရာရှိတယ်"

ကိုသစ်က လက်ဖက်သုပ်တစ်ဇွန်းကို ခပ်အေးအေးစားနေရင်း ဆိုလာသည်။ လုယာက မေးဆတ်ပြတော့ ...

"ငါမင်းနဲ့အတူ အလုပ်လိုက်လုပ်ချင်တယ်"

"ဘာလို့လဲ ... ပိုက်ဆံလိုလို့လား။ ကျွန်တော် ကိုသစ်ကို အပတ်တိုင်း ပေးနေတာပဲ"

ငရုတ်သီးကြောင့် စပ်သွားဟန်တူသဖြင့် လုယာ ရေနွေးခပ်ပေးလိုက်သည်။ ထိုအခါမှ တဖူးဖူး မှုတ်သောက်လျက် ခေါင်းယမ်းလာသည်။

"မလိုပါဘူး ... မင်းပေးထားတဲ့ ပိုက်ဆံတွေနဲ့ ကြက်တိုက်၊ ဖဲရိုက်၊ အရက်သောက်ပြီး မုန့်ဝယ်စားရတာ အားနာလာလို့"

ချစ်စဖွယ် အပြောကြောင့် "ကိုသစ်ရယ်" ဟု ခပ်တိုးတိုးဆို၍သာ ခေါင်းယမ်းရယ်မိသည်။

"တကယ် အားနာတာလား"

"အေး"

သူနှင့် စကားပြောနေသော်လည်း သူ့ဆီမှာ အာရုံက မရှိတန်ရာ။ လက်ဖက်သုပ်စားလိုက်၊ ရေနွေးသောက်လိုက်နှင့် လူကြီးတွေ ဝါးနေသော ပဲလှော်ကိုပါ လှမ်းနှိုက်စားနေသည်။

"အားနာရင် ဘာအလုပ်မှ မလုပ်နဲ့ ... ကျွန်တော့်အနားမှာပဲ နေပေး"

ဆိုလိုသည့် အဓိပ္ပာယ်က သူ့အတွက် မရိုးသားသော်လည်း ကိုသစ်

ကတော့ ဘာမှမဖြစ်ချေ။ လက်မကိုထောင်ပြ၍သာ ပဲလှော်ဝါးရင်း ခေါင်းညိတ်၏။

ကြည့်ရတာ ကိုသစ်က သူ့ကို ညီအရင်းလေးလို သဘောထား ဆက်ဆံနေတာဖြစ်မည်။ အနည်းငယ် ဖွင့်ဟမိသော်လည်း အရာမထင်သည့် စကားကြောင့် လုယာခေါင်းငုံ့၍သာ ပြုံးမိ၏။

***

## အပိုင်း (၄)

"ကျန်းမာရေး ဂရုစိုက်ပါနော်မေကြီး"

လက်ဖမိုးကို ဖွဖွဆုပ်ကိုင်ရင်း သူ့အားပေးစဉ် မေကြီးသည် မျက်ရည်ဝဲချင်သော မျက်တောင်များကို ခပ်မြန်မြန် ပုတ်ခတ်နေ၏။ မင်းထက်ကိုတော့ သွားမနှုတ်ဆက်ဖို့ ဆုံးဖြတ်လိုက်သည်။ အဆောင်မှာ စာကျက်နေရမည့် ကလေးကို သူ့ကြောင့် အာရုံမနှောက်စေချင်။

"ဦးရှိန်လေးကို တွေ့အောင် ရှာခဲ့နော်သား"

သူ့ခေါင်းကို လက်ချောင်းများဖြင့် အုပ်ကိုင်ရင်း ဆိုသော စကားကြောင့် မင်းဆက် ပြုံးမိပါသည်။ မေကြီးနှင့်သူဟာ အမြဲတစ်ထပ်တည်း ကျနေခဲ့သည်။ သူ့ကို သိပ်ချစ်သည့် အမေဖြစ်သူအား ခွာ၍ အိမ်ခွဲနေနေရခြင်းကိုပင် အားနာမိ၏။

"မင်းဖေကြီးကို နှုတ်ဆက် သွားလိုက်ဦးလေ"

အိမ်ရှေ့တွင် ကြိမ်ကုလားထိုင်ဖြင့် သတင်းစာ ထိုင်ဖတ်နေသော ဦးသိုက်ညွန့်ဆီသို့ မေးဆတ်ပြလာရာ၌ မင်းဆက် မျက်နှာကွက်ခနဲ ပျက်သွားသည်။ အကြောင်းသိသည့် ဒေါ်မြတ်သူမှာတော့ သက်ပြင်းတစ်ချက်ချပြီး ဘာမှထပ်ဆိုမလာ။

ဖေကြီးနှင့်သူ၏ ဆက်ဆံရေးက ပြတ်ထွက်တော့မည့် ကြိုးတစ်မျှင်လို။ မင်းဆက် မိဘအိမ်သို့ လာတိုင်း အိမ်ဦးနတ်ကို မျက်ကွယ်ပြုပေါင်း များလှပြီ။ ထိုသို့မှ မလုပ်လျှင်လည်း မင်းဆက်အတွက် အဆင်မပြေ၊ ဖေကြီးကို

မြင်တိုင်း ကိုကို့ကို လွမ်းဆွတ်သည် ... အားနာသည် ... ကရုဏာ သက်ရသည်။ ထိုခံစားမှုများကြောင့် ဖေကြီးကို ပိုပိုမုန်းတီး လာမိ၏။ ဖြစ်မှန်းမသိ ဖြစ်လာခဲ့သော သားမိုက်တစ်ယောက် ဘဝအား မင်းဆက် ကျေကျေနပ်နပ် ခံယူထားပါသည်။

Luggage ကို ဆွဲကိုင်၍ ဖေကြီးထိုင်နေရာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ကြိမ်ကုလားထိုင်နား အရောက် တိခနဲ ရပ်ချပစ်လိုက်သည့် လှုပ်ရှားမှုအား ဖေကြီး သေချာစွာ မြင်လိမ့်မည်။

သတင်းစာကို ကိုင်ထားသော်လည်း ဖတ်မနေခြင်းဟာ အိမ်ထဲမှ သားအမိနှစ်ယောက်၏ စကားများကို မမှီမကမ်း နားစွင့်နေရ သောကြောင့်ပေ။ ထိုကောင်လေး ခြေတစ်ချက် လှမ်းတာနဲ့ သူတစ်ခါ သွေးပျက်ရသည်။ မိမိရှေ့တွင် တန့်နေသော Sneaker အဖြူလေးကို သတင်းစာရွက်ကို ကျော်၍ မြင်နေရသည်။ ဦးသိုက်ညွှန့် မျက်ဝန်းတွေ စိုစွတ်လာသည်။

"ကျွန်တော် သွားတော့မယ် ... "

သူ့ဘက်တောင် မျက်နှာလှည့်၍ ဆိုမလာဘဲ ကျောပေးလျက်သာ အသိပေး၏။ ဖတ်နေသော သတင်းစာကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ...

"မင်းတကယ် နောင်တမရဘူးလား"

ရှေ့ဆီမှ ကျောပြင်ကျယ်ကို မော့ကြည့်၍ ပြုသော အမေး။ ယောကျ်ားတစ်ယောက်အဖြစ် ခန့်ညားသော သွင်ပြင်ပေးသည့် ဤကျောပြင်ဟာ သူ့အတွက်တော့ မူကြိုမသွားချင်၍ ဂျီကျနေသည့် ကလေးလေးကို ဆရာမက ဆွဲခေါ်သွားသည့်အခါ မြင်လိုက်ရသော ခပ်တွန့်တွန့် ကျောပြင်သေးငယ်ငယ် အဖြစ်သာ။ စုန်ရေရှိပြီး ဆန်ရေမလာဘူးဆိုတဲ့ စကားကို မင်းဆက်နဲ့ အတည်မပြုချင်ပါ။ ငယ်စဉ်ကတည်းက သူ့ကိုဆို အားကိုးအားထား ပြု၍ "ဖေကြီး"အခေါ် ထပ်နေအောင် ခွဲသော ကလေးပေါက်က မျက်စိရှေ့က

ယောကျ်ားသားနှင့် လုံးဝ မအက်စပ်သလိုပင်။

"ကျွန်တော့်မှာ နောင်တဆိုတာ မရှိဘူး ... ကိုကို ဖြစ်နေသရွေ့"

ထိုတစ်ခွန်းသာဆိုပြီး Luggage ကိုဆွဲ၍ သူ့ရှေ့မှ ထွက်ခွာသွားသူ။ သူ့သား သိုက်မင်းဆက်ဆိုတာ ယုံဖွယ်ပင် မရှိချေ။

ရင်ထဲမှ လှိုက်တက်လာသော ခံပြင်းစိတ်များနှင့် ဦးသိုက်ညွှန့် မျက်ရည်ဝဲ မိသည်။ သတင်းစာ ကိုင်ထားသော လက်ချောင်းထိပ်များက သွေးများ ဆူပွက်လာဟန် မသိမသာ တုန်ခိုက်လာ၏။

"ခန့်ဦးရှိန် ... အောက်တန်းစားကောင်"

တန်သလား။ မင်းဆက်လို ပညာတတ်ပြီး လိမ္မာရေးခြားရှိတဲ့ အဖိုးတန် သား တစ်ယောက်က ဒုစရိုက်ကောင်အတွက် သူ့ရင်အစုံကို ဆောင့်ကန်ဖို့ တန်လို့လား။

တစက်စက် ကျလာသော မျက်ရည်ဥများကြောင့် ပါးပြင်ကို ကြမ်းတမ်း စွာ ပွတ်သုတ်လိုက်ရသည်။

***

"တစ်ခုခုဆို အစ်ကို့ကို ဖုန်းဆက်လိုက်နော် မင်းဆက်"

"ဟုတ်ကဲ့"

လေလှိုင်းဆီမှ ဖြတ်သန်းလာသော အသံချိုချိုက စိုးရိမ်မှုတို့ ရောနေသည်။ ကိုအာကာက လိုက်ချင်လှသော်လည်း မင်းဆက် သူနှင့်အတူ မ ခေါ်ချင်ပါ။ နေရာဒေသ အတိအကျ မသိသော နေရပ်တစ်ခုတွင် ချစ်သူ ရှာပုံတော်ဖွင့်မည့် သူ့အပူအား မန္တလေးမှ ကိုကို့အလုပ်များကို ထိန်းထား ပေးမည့် ကိုအာကာ့ဆီ ထပ်မန္တယ်ချင်။ ထို့ကြောင့် အခြေအနေ ကောင်းမှ သာ လိုက်လာရန် မှာကြားခဲ့သည်။

ဖုန်းပြောပြီးနောက် အလုံပိတ် Bus ကား၏ မှန်ပြတင်းပေါက်သို့ ခေါင်းကို မှီချလိုက်မိသည်။ တရိပ်ရိပ် ကျကျန်ခဲ့သော ဝန်းကျင်ငယ်များက သူ့အာရုံကို မစိုးမိုးနိုင်ချေ။ သူသိတာ တစ်ခုပဲရှိသည်။ ကိုကို ... အချိန်တိုင်း ကာလတိုင်း နေရာတိုင်းဟာ ကိုကိုပဲဖြစ်သည်။

မင်းဆက်သည် ယခုနှစ်ဆိုလျှင် နှစ်ဆယ့်ခြောက်နှစ်တင်းတင်း ပြည့်ခဲ့ပြီ။ ကိုကိုနဲ့ ဆုံခဲ့သည့်နှစ်က ကိုကို့၏ အသက်အရွယ်မှာ သူတည်ရှိနေခဲ့ပြီ။ ဒီအသက်အရွယ်တုန်းက ချစ်ရသူ ဘာတွေ တွေးနေခဲ့သလဲ၊ ဘာအလုပ်တွေ လုပ်နေခဲ့သလဲ၊ သူ့ကိုရော ချစ်နေရဲ့လား ... ထပ်တူကျသည့် ဂဏန်းနံပါတ်လေး တစ်ခုတည်းနဲ့ သူ့စိတ်နှလုံးတို့ ကြည်နူးလာရသည်။

တစ်ချိန်က ကျွန်တော် လိုက်ပိုးခဲ့တဲ့ နှစ်ဆယ့်ခြောက်နှစ် အမျိုးသားက ခုချိန်ဘယ်လို နေထိုင်ကျင်လည် နေသလဲမသိ ... ကျွန်တော့်ရဲ့ နှစ်ဆယ့်ခြောက်နှစ်ကတော့ အချစ်စူး စူးနေလိုက်ရတာ ကိုကိုရယ်။

***

"ဒီလူကို သိလားဗျ"

ပြန်ကျစျေးသည်များ ခေါင်းယမ်းပြလာသည်ထက် လူပျောက်ကြော်ငြာကဲ့သို့ စာရွက်ဖြူပေါ် ကိုကို့ဓာတ်ပုံ ရိုက်နှိပ်ထားရခြင်းကို ပိုလို့ ရင်နာမိပါသည်။ နေပူပူတွင် တစ်ဈေးဝင် တစ်ဈေးထွက် မေးမြန်းနေရသော ဆရာဝန်လေးမှာ မသိလျှင် အလုပ်ကြမ်း သမားတစ်ယောက်လို ချွေးဒီးဒီးကျလျက် ပင်ပန်းရော့ပြီ။ သူ့အလွတ်စုံထောက် ညွှန်းလိုက်သော ဈေးတစ်ဈေးလုံးလိုက်လံ မေးစမ်းသော်လည်း သတိမထားမိ ကြသောကြောင့်လားမသိ၊ ဒါမှမဟုတ် ကိုကိုအလာ နည်းသောကြောင့်လားမသိ အခြေအနေကား ထပ်ထူးမလာ။

တစ်ခုတည်းသော ဆိုင်တစ်ဆိုင် အရောက်တွင်တော့ မင်းဆက်

မျှော်လင့်ချက် ရောင်ခြည်လေး သန်းလာမိသည်။ ထိုဆိုင်မှာ ဈေး၏ တစ်ခုတည်းသော တိုက်ကြက်ဆိုင်ပေကား။

"ဦးလေးခင်ဗျ"

ဆိုင်မှာ ထိုင်၍ သတင်းစာ ဖတ်နေသော ဦးလေးကြီးကို အသံပြုတော့ သူ့ကို မော့ကြည့်လို့လာသည်။ စကာခြင်းများဖြင့် ထည့်နှံထားသော တိုက်ကြက်များက ဝဖြိုးဖြိုးရယ်။ ကြက်သံ၊ လူသံများ ဆူနေသော ရပ်ဝန်းက အနံ့အသက်အချို့လည်း ဆိုးဝါးနေ၏။

"ဒီလူကို သိပါသလားဗျ"

Selfie ပုံတစ်ပုံကို Print ထုတ်ထား၍ ဓာတ်ပုံထဲမှ အမျိုးသားက သွားစွယ်ဖွေးဖွေးများပေါ်အောင် ရယ်မောလို့နေသည်။ ဦးလေးကြီးက ထိုပုံကို သေချာစိုက်ကြည့်ရင်း စဉ်းစားဟန် မျက်မှောင်ကြုတ်သည်။

"မြင်ဖူးတယ် … လွန်ခဲ့တဲ့ လေးရက်လောက်က တိုက်ကြက်လာဝယ်တဲ့ ကောင်လေးနဲ့ တူတယ်"

"တကယ်လားဗျ"

လှိုက်ခနဲ ပျော်ရွှင်သွားသော နှလုံးသားနှင့်အတူ မင်းဆက် ဝမ်းသာစွာ အတည်ပြုမိသည်။

"အေး ရုပ်ကလေးဖြောင့်လို့ မှတ်မိနေတာ။ အဲ့တစ်ခါပဲ လာဝယ်ဖူးတာ"

"သူ … သူဘယ်ကို ထွက်သွားလဲဗျ"

"အဲဒါတော့ ငါလည်းမသိဘူး … ဒီနားက ရွာတစ်ရွာရွာကိုဖြစ်မယ် … "

လျော့ကျသွားသော အားတက်မှုကို ပြန်လည်ဆွဲတင်ကာ မင်းဆက် ခပ်တုံ့တုံ့ ပြုံးပြလိုက်သည်။ ဒီအထိတောင် လာခဲ့ပြီးပြီ၊ မသေချာတဲ့ အဖြေလေးတစ်ခုအတွက်နဲ့တော့ အားငယ်နေစရာ မလိုပေ။ ဤနယ်အကြောင်း

စီကာပတ်ကုံး မေးမြန်းပြီး နောက်တွင်တော့ သိလိုက်ရသည်က အနီးတစ်ဝို က်တွင် ရှာငါးရှာရှိသည်။ ငါးရှာလုံးက ဈေးသည်တွေက ဒီဈေးမှာ ရံဖန်ရံခါ ပစ္စည်းလာဝယ် တတ်ကြသည်။ ရှာတစ်ရှာစီ နှံ့စပ်အောင် လိုက် ရှာရမည့် အဖြစ်ကို တွေးမိလေတော့ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာတာ ထက်တော့ မဆိုးချေဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ဖြစ်ပါသည်။

***

"ဟယ်လို ..."

"ဆရာဗျာ ... "

စူးခနဲ ထွက်လာသည့် အော်သံကြောင့် ဖုန်းကိုနားနှင့် အနည်းငယ်ခွာပြီး မင်းဆက် ပြုံးမိသည်။ မချင့်မရဲ ပြောလာပုံက ဆူချင်ပေမဲ့ ကိုယ်က သူ့ ထက်အသက်ကြီးတဲ့ ဆရာဝန်တစ်ယောက် ဖြစ်နေခြင်းကြောင့် ဖြစ်မည်။

"ကျွန်တော့်ကို မပြောဘဲ ဘာလို့သွားရတာလဲ"

"ငါ ပြောရင် မင်းက ခွင့်ပြုမှာ မဟုတ်ဘူးလေ"

ဆိပ်ကမ်းဘက် မျက်နှာမူရင်း ရွေ့လျားနေသော ချောင်းရေများကို ငေး မိသည်။ သူအခု ရောက်နေသည်က ရှာများထိပ်က လွင်ပြင်တစ်ခု ... ထိုမှ ကြည့်လျှင် လမ်းကျယ် အသွယ်သွယ်ဖြင့် ရှာလမ်းတွေဆီ အတိုင်းသား မြင် နေရသည်။ လွင်ပြင်ထောင့်များတွင်တော့ မုန့်ဆိုင် အသေးစား အချို့က ခရီးသွား ဧည့်သည်တွေအတွက် ဖြစ်ဟန်တူ၏။

"ဆေးတွေရော သေချာယူသွားရဲ့လား ဆရာ"

စိတ်ကုဆရာဝန်၏ စိတ်ပူသံက ဖုန်းလိုင်းထဲ ပျံ့၍နေသည်။ စိတ်မပူလို့လဲ မရ၊ မင်းဆက်က တစ်ဇွတ်ထိုး တဇောက်ကန်း သူလုပ်ချင်တာကို မရ ရအောင် လုပ်တတ်သည်။

မင်းဆက် ဖုန်းပြောနေရာ မြေပြန့်၏ ဆယ်ပေလောက် အကွာတွင် လှေငယ်များ ထိုးရပ်ထားသော ကမ်းရှိသည်။ ထိုကမ်းပေါ်တွင် ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် ကလေးငယ်များက မြူးထူးစွာ ဆော့နေကြ၏။

"ဟာ ... သစ်တောပါလား။ ထူးထူးဆန်းဆန်း ရွာပြင်ထိလာလို့"

မုန့်ဆိုင်ပိုင်ရှင် ထူးဝေသည် သံချိတ်တွင် အာလူးကြော် ထုပ်များကို ချိတ်တွဲရင်း သစ်တောကို ဆို၏။ သစ်တောက အမျိုးစုံသော မုန့်များကို မျက်စိကစားရင်း ပြုံးပြသည်။

"ရွာမှာက ကျွန်တော်ကြိုက်တဲ့ ဆီးထုပ် မရှိတော့လို့ ... ကိုထူးဆီမှာ လာဝယ်တာ"

ဟုဆိုကာ နံရံထိပ်က သူမျက်စိကျနေသော ဆီးထုပ်ကို အတွဲလိုက် ဆွဲဖြုတ်တော့သည်။ ထို့နောက် အိတ်ကပ်ထဲမှ ထည့်လာသော ပိုက်ဆံကို နှိုက်ယူ၍ ကိုထူးကို ကမ်းပေးလိုက်သည်။ ဆယ်ထုပ်နီးပါးရှိသော ဆီးထုပ်များကို ထူးဝေက ပလတ်စတစ်အိတ် ကြီးကြီးဖြင့် သေချာ ထည့်ပေးလိုက်၏။ ရွာထဲဝင်လျှင်လည်း အလုပ်မရှိမဲ့ အတူတူ ထိုမုန့်ဆိုင်ကို ကျောမှီလျက် အိတ်ထဲမှ  ဆီးထုပ်တစ်ထုပ်ဖောက်ကာ သစ်တော တမြုံ့မြုံ့ စားနေလိုက်သည်။

ဆိပ်ကမ်းတွင် သူ့ဟာသူ ဆော့နေသော ရွာက ကလေးတစ်သိုက်ကို မြင်သဖြင့် မျက်စောင်း ထိုးမိသေး၏။ ဘာရယ်မဟုတ် ... ကလေးဆိုလျှင်ကို သစ်တောက မျက်စိနောက်တာ။ ထိုကလေးများဘေးတွင် ကမ်းကပ်လာသော လှေများက တကြပ်ကြပ်။ ချောင်းရေပေါ်က အစုန်အဆန် ရွေ့နေသည့် လှေများကိုပါ အလုပ်မရှိ အလုပ်ရှာ ငေးနေဖြစ်သည်။

ထို့အခိုက် သစ်တော၏ မြင်ကွင်းထဲ ဝင်လာသော ပုံရိပ်ဖြူငယ် ... ။ ရှပ်အညိုနှင့် စတိုင်ပန် ဘောင်းဘီရှည် အဖြူကို တွဲဖက်ဝတ်ထားသော အရပ်

မြင့်မြင့် ယောက်ျားတစ်ယောက် အရှေ့လျှောက်လိုက်၊ နောက်လျှောက်လိုက်နှင့် ဖုန်းပြောနေသည်။ လမ်းလျှောက်ပြီး ခဏရပ်လျှင်လည်း သစ်တောကို ကျောပေးထားသည်မို့ မျက်နှာကိုတော့ မမြင်ရ။

မြင်ဖူးနေသော ကျောပြင်ကြောင့် မျက်မှောင်ကုတ်ပြီး အာရုံစိုက်ကြည့်မိသည်။ ရင်းနှီးနေသလိုရယ် ... တော်တော်လေးကို ရင်းနှီးနေသလို။ ဘယ်မှာ မြင်ဖူးလည်း မသိသည့် ထိုလူ ဘေးကို စောင်းလိုက်တွင်တော့ တစ်ခြမ်းစောင်းမျက်နှာကို ရှင်းလင်းစွာ မြင်လိုက်ရသည်။

သို့သော် သစ်တောမသိ။

နှာခေါင်းချွန်ချွန်၊ အသားဖြူဖြူနှင့် ခပ်ချောချော မျက်နှာလေးကို သစ်တောမသိပါ။ တခြားသို့ အကြည့်ပို့လျက် ဆီးထုပ်ကို ဆက်စားနေသော်လည်း အသားပါးသော ဆီးသီးကြောင့်ထင်၊ လည်ချောင်းထဲ တစ်ဆို့နင်လာသည်။

"ဗွမ်း ..."

"အမယ်လေး ... ကယ်ကြပါဦး"

ကိုဝနနှင့် ဖုန်းပြောနေစဉ် အမျိုးသမီးကြီး တစ်ယောက်၏ အာခေါင်ခြစ်သံကြောင့် လှည့်ကြည့်မိခိုက် ချောင်းရေထဲတွင် ပေါ်ချည်မြုပ်ချည် ဖြစ်နေသော ဝတုတ်တုတ် ကလေးငယ်။ ဘေးနားမှ ဝိုင်းအုံနေသော လူများက အော်ဟစ်လျက် အကူအညီ တောင်းခံနေပုံကို ကြည့်၍ ရင်ထဲ ထိတ်သွား၏။ ကြံရာမရဖြစ်ကာ ဆုံးရှုံးတော့မည့် အသက်တစ်ချောင်းကို ကယ်တင်ရန် မြစ်ဆိပ်သို့ လျင်မြန်စွာ ပြေးသွားမိသည်။

"ဟ ... ဝလုံးရေနစ်နေပြီ"

စားနေသည့် ဆီးထုပ်က လည်ချောင်းထဲ မဝါးဘဲ လျှောဝင်သွားသည်

အထိ သစ်တော လန့်သွားသည်။ ရေထဲတွင် ရုန်းကန်နေသော ဝလုံးက ဆော့ကစားနေရင်း မတော်တဆ ချောကျသွားပုံရှိသည်။ ကလေးတွေကို ကြည့်မရသော်လည်း သူသံယောဇဉ်တော့ ပိုပါသည်။ ဝလုံးကိုဆို ပိုဆိုး၊ ဆူဝေါက်မှန်း သိသော်လည်း သူ့နားအမြဲကပ်သည့် ထိုပေါက်စီ လုံးလေးကို ပူပန်သော စိတ်ဖြင့် ခြေလှမ်းများကို အသော့နှင်မိသည်။ မြစ်ဆိပ်ဆီသို့ ပြေးသွားရင်း အခြေအနေကို အကဲခတ်တော့ ခုနက ဖုန်းပြောနေသည့် ကောင်လေးက ချောင်းထဲ ခုန်ဆင်းချေပြီ။ ရေကို ကျွမ်းကျင်စွာ ကူးခတ်၍ စုန်းစုန်းမြုပ်တော့မည့် ဝလုံးကို ချိုင်းမှ ဆွဲပွေ့ကာ ကမ်းဆီသို့ ပြန်ကူးခတ်လာ၏။

***

## အပိုင်း (၅)

"ကလေး ... ကလေး"

သောင်ပြင်စိုပေါ်တွင် သေချာနေရာချကာ ပါးကိုပုတ်၍ လှုပ်နှိုးသော်လည်း မေ့လျော့နေသော ကလေးကြောင့် မင်းဆက် ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည်။ အနီးတစ်ဝိုက်ရှိ သူ့သူငယ်ချင်း ကလေးများကတော့ ရွာက မိဘများကို ပြေး၍ သွားခေါ်ကြသည်။ ခပ်လှမ်းလှမ်းမှ ဝိုင်းအုံလာသော လူအုပ်က တိုးကြိတ်တိုးကြိတ်ဖြင့် တစ်ခုခု ကူညီချင်နေကြ သလိုရှိသည်။

ရင်ဘတ်အား မျက်နှာအပ်၍ သုံးသပ်ကြည့်ခါမှ တရွေ့တရွေ့ နှေးသွားသော နှလုံးခုန်သံ။ ရေနစ်တဲ့ ကာလမှာ မကြာသော်လည်း ကလေးသည် သူ့ခန္ဓာအလေးချိန်ကို မထိန်းနိုင်၍ ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့ပုံရသည်။ လူနာကို သက်သောင့်သက်တာ ဖြစ်စေကာ အရေးပေါ် ကယ်ဆယ်နည်း CPRကို စတင်ရတော့သည်။

တစ်ကိုယ်လုံး ရေတွေရွှဲရွှဲ စိုနေလျက် သတိမေ့နေသော ဝလုံးကို အသည်းအသန် ကယ်ဆယ်နေသော ဤအမျိုးသားကို သစ်တော ရပ်ကြည့်နေမိသည်။ ဒီကောင်လေး ကုသနေပုံကို သူ အတိအကျကို ရင်းနှီးနေသည်။ ဖိုးထုပ်ကို ဆုပ်ကိုင်ထားသော လက်ချောင်းများ တုန်ခိုက်လာမှုသည် မြန်ဆန်စွာ ပြင်းထန်လှသော နှလုံးသား စည်းချက်များကို မမီပါ။ ထိုကောင်လေးအနား ပြေးသွား၍ ကူညီပေးချင်သော်လည်း သစ်တော နေရာမှ ရွေ့မရ။ မြေကြီးနှင့် ခြေဖဝါးများက ကော်နှင့်ကပ်ထားသလို စေး

နေသည်။ ထို့ပြင် ဝလုံးကို စိတ်ပူ၍ ထင်ပါ၏၊ သစ်တော စိတ်လှုပ်ရှားပြီး ရင်ခုန်နေခဲ့သည်။

ခေတ္တအကြာ ဝလုံးပါးစပ်ထဲမှ ရေမှုန်စများ ပန်းထွက်လာပြီး သတိဝင်လာတာမြင်မှ သစ်တော ဟင်းချနိုင်သည်။ အိမ်က ထွက်လာတာလည်း ကြာပြီမို့ လုယာစိတ်ပူ နေမည်စိုးသဖြင့် ဆီးထုပ်စားလျက်သာ ရွာဘက် လှည့်ပြန်တော့၏။

"အဟွတ် ... ဟွတ် ... "

ကလေးငယ် ပါးစပ်တွင်းက အန်ကျလာသော ရေညစ်များ ကုန်စင်သွားသည်ကို စစ်ဆေးပြီးတွင် နွမ်းနယ်နေသောကိုယ်ကို မြေကြီးပေါ်သို့ ပစ်လှဲချမိတော့သည်။ အသက်ကယ်ဖို့အရေး သူ့ထက်ကိုယ်က စိတ်စောနေသည်မို့ ယခုတွင် အသက်ကို လုရှူနေရသည်။

"သားလေး ... ဝလုံး ... "

ပူပန်ကြောင့်ကြစွာဖြင့် ကလေးငယ်နံဘေးသို့ ပြေးလာသော အန်တီကြီးက သူ့အမေ ဖြစ်ဟန်တူသည်။ စုဝေးနေသော လူစုက တဖြည်းဖြည်း ရှဲလို့သွား၏။ ချောင်းတဟွတ်ဟွတ် ဆိုးနေသော ကောင်လေးကို ရင်ခွင်ထဲပွေ့လျက် အန်တီကြီးက သူ့ထံလှည့်ကာ ...

"ဒီက လူလေးကို ကျေးဇူးတင်ပါတယ်ကွယ် ... သားသာ မကယ်ရင် ဝလုံးလေးဘဝ မတွေးရဲစရာပဲ"

ကလေးငယ်နာမည်က ဝလုံးတဲ့လား။ ချစ်စဖွယ်ပေ။

"ရပါတယ်ဗျာ ... ကျွန်တော်လည်း ဆရာဝန် တစ်ယောက်မို့ အမြန်ကယ်တင် နိုင်လိုက်ရတာ။ သားကို ရွာက ဆေးခန်းဖြစ်ဖြစ် ဆေးရုံဖြစ်ဖြစ် ထပ်ပြလိုက်ဦး။ သူနုံးပြီး အအေးပက်သွား လောက်တယ်"

"ဆရာလေးက ဘယ်မှာနေတာလဲ၊ အိမ်ပြန်ဖို့ ဝေးတယ်ဆိုရင် ရွာက ဆေးရုံကို လိုက်ခဲ့ပါလား။ အဝတ်တွေလည်း စိုနေတော့ ... "

ပဲခူးက အဆောင်ကိုပြန်လျှင် အချိန်ကဖင့်ဦးမည်။ ဒါထက် ကားအငှားဖို့က ခက်ခဲပေမည်။ ထို့ကြောင့်သာ ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဗျ"

***

ကျွန်းစားပွဲပေါ်မှ ဖန်ပုလင်းအဖြူလေးက မင်းဆက်၏ အာရုံကို ဆွဲယူနေသည်။ ဖန်ပုလင်းထဲတွင် နှင်းဆီပန်းအနီနှင့် အဖြူကို ယှက်သွယ်ထိုးထည့်ကာ အလှဆင်ထား၏။ ကျယ်ပြန့်သော ခန်းမသည် အနည်းငယ် အမှိုင်းဓာတ် ရှိသော်လည်း ပြတင်းပေါက် အကူနှင့် ပြင်ပကလေများ ဝင်ရောက် ဆောင်ခွင်းခံရသည်။

ထိုနှင်းဆီပန်း နှစ်ပွင့်သည် မိမိ၏ဘဝကို မြင်ယောင်လာစေသည်။ မင်းဆက်က အဖြူဆို ကိုကိုက အနီ။ မင်းဆက်၏ အတွေး၊ အမြင်၊ အပြုတို့သည် အဖြူရောင် နှင်းဆီကဲ့သို့ နုနယ်သိမ့်မွေ့သော်ငြား ကိုကိုနေထိုင်ပြုမူ ပုံတို့ကတော့ နှင်းဆီနီလို စူးရှအားပြင်းသည်။ ထိုမတူညီမှု နှစ်ခုကို ညှိယူဆင်ယှက်ပြီးကာမှ နှင်းဆီနီလေးသည် မင်းဆက်အဝေးသို့ လွင့်စဉ်သွားခဲ့သည်။

"ကောင်လေး ..."

လေသံခပ်မြင့်မြင့်ကြောင့် မင်းဆက်ကိုယ်သည် ဆတ်ခနဲ မတ်သွား၏။ ထံပါးဆီသို့ ခပ်ယဉ်ယဉ် ရေမွှေးနံ့နှင့်အတူ လူတစ်ယောက် လာထိုင်သည်။ သူတို့ထိုင်နေသည့် နေရာမှာ ရွာဆေးရုံထဲက သစ်သားခုံရှည်လေးတွင် ဖြစ်သည်။ အိုဟောင်းဟောင်း ဆေးရုံသည် အပြင်အဆင်အားဖြင့် ရှေးဆန်

သော်လည်း ဤရွာ၏ အားကိုးအားထားရာ နေရပ်ပေတကား။ ဝန်ထမ်းများ အနေနှင့် ဦးထင်ဆန်းနိုင်နှင့် မြို့မှ တာဝန်ကျလာသော ဆရာဝန်ငယ်လေးများ၊ သူနာပြု အနည်းအကျဉ်းသာ တွေ့ရသည်။

"မင်း ဆရာ့အဝတ်တွေနဲ့ အဆင်ပြေရဲ့လား"

မင်းဆက်ကိုယ်ပေါ်မှ လူကြီးဆန်ဆန် အထည်ကောင်းများသည် ဤဆေးရုံ၏ ဆရာဝန် ဦးထင်ဆန်းနိုင် ထုတ်ပေးထားသောများ ဖြစ်သည်။

"ပြေပါတယ်ခင်ဗျာ ... ဆရာ့ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်။ ဒါနဲ့မင်းက ဆရာဝန်ဆို"

"ဟုတ်ကဲ့။ ကျွန်တော် မန္တလေးက ပုဂ္ဂလိက ဆေးရုံတစ်ခုမှာ အလုပ်ဝင်နေတယ်ခင်ဗျ။ အရိုးအထူးကုလည်း တက်နေဆဲပါ"

"ဟေ ... ဒါဆို ကျောင်းနားထားသလား"

အနီကောင်လေး ပြောပုံအရ အတွေ့အကြုံ ရင့်သန်သော ဆရာဝန်ဖြစ်ကြောင်း သိရသည်။ ထင်ဆန်းနိုင် ပိုအံ့သြသည်က အထူးကုထိဆိုလျှင် နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ် ဝန်းကျင် ပတ်လည်ရှိ အသက်တည်မည်။ ပုံမှန်ထက် နုဥနေသောကြောင့် သေချာစူးစမ်း မိသော်လည်း ခြောက်ပေကျော်လောက်သည့်အရပ်နှင့် ရင့်ကျက်သော မျက်နှာအေးသည် အရပ်လေးပမာ ချောမောမှုကို လွှမ်းဆွဲနိုင်သည်။

"ဟုတ် ... ကျွန်တော် ဆေးခွင့်နဲ့ တစ်နှစ်နားထားတာပါ"

ထင်ဆန်းနိုင်သည် မိမိအနီးမှ ကောင်လေး၏ သဘောကို နားလည်သလိုရှိလာသည်။ အထူးကုတက်နေသော ဆရာဝန်တစ်ယောက် ဖြစ်လင့်ကစား ယခုလို တောခြုံအုံကြားကို ခက်ခက်ခဲခဲ ရောက်နေပုံက တစ်မျိုးတော့ ဆန်း၏။

"ခုဘယ်မှာ နေသလဲ"

"ပဲခူးက ယောကျ်ားလေး အဆောင်တစ်ခုမှာ နေပါတယ်"

ကိုယ်ရေးကိုယ်တာ ကိစ္စများကို မမေးချင်။ သို့သော် ဒီဆရာဝန်လေးသည် ထင်ဆန်းနိုင်ကို ပြောပြလိုစိတ်ရှိပြီး အကူအညီ တစ်ခုခု တောင်းခံချင်နေသည်ဟု စိတ်ထဲ ယူဆမိသည်။

"ဝလုံးလေးက အဆင်ပြေသွားပါပြီ။ မင်းလည်း အဆောင်ပြန်ချင် ပြန်လို့ရပြီကွယ်"

မင်းဆက် ထမပြန်ဖြစ်သေး။ ဆရာ့ကို မဝံ့မရဲ ငဲ့ကြည့်မိသည့်အခါ ရှေ့ရှူတည့်တည့်ကို ထုတ်လွှင့်နေသော ခပ်ငြိမ်ငြိမ် အကြည့်သာ တွေ့ရသည်။ ဆရာသည် အသက်အားဖြင့် လေးဆယ် ကျော်လောက်မည်။ တောင့်တင်းသော ကိုယ်ဟန်၊ တည်ကြည်သော မျက်နှာထားနှင့် သန့်စင်သော အပြုံးတို့ကြောင့် ရှိရင်းစွဲထက် ပိုနုတာလည်း ဖြစ်နိုင်သည်။ စိတ်သဘော ကောင်းဟန်ရှိသဖြင့် မိမိအတွက် ဆွဲဆုပ်ထားစရာ ကောက်ရိုးတစ်မျှင်အဖြစ် ဖန်တီးလိုစိတ်ရှိသည်။

"တကယ်တော့ ကျွန်တော် လူလာရှာတာပါ ဆရာ။ ကျွန်တော်ရှာနေတဲ့ လူက ဒီအနီးနားက ရွာတစ်ရွာရွာမှာ ... "

ထိုအကြောင်း ပြောနေချိန်တွင် ဆရာဝန်ငယ်၏ မျက်ဝန်းများက မျှော်လင့်ချက်ဖြင့် စူးရှတောက်ပနေသည်။ တစ်ခါတစ်ခါလည်း မှိန်ဖျော့သွားတတ်သည်။ ထင်ဆန်းနိုင် ဆက်နားထောင်ဖြစ်သည်။

"ကျွန်တော် ခဏပဲဖြစ်ဖြစ် ဒီရွာမှာ နေပြီး ရှာချင်တယ်။ ပဲခူးကနေလာပြီး ရှာရင်ဝေးလို့ အကြောင်းပြတာ မဟုတ်ဘူးဆရာ။ ကျွန်တော်ရှာနေတဲ့လူက ရွာမှာဆိုတော့ အနီးနားကရှာရင် ပိုမြန်မယ် ထင်လို့ပါ ... "

"ဆိုတော့ မင်းပြောချင်တာက"

"ကျွန်တော် ဆရာ့အနားမှာနေပြီး ဆေးကုချင်ပါတယ်။ တကယ်လို့ ဆရာ ကျွန်တော့်ကို မယုံကြည်ဘူးဆိုရင် သူနာပြုမောင်အဖြစ် ဝေယျာဝေစတွေ လိုက်လုပ်ပေးခွင့်ပြုပါ"

ရိုက်ကျိုးစွာ ပြောလာခြင်းကို ငြင်းစရာ စကားလုံးရယ်မတွေ့။ သူရှာနေသော လူကို မသိသည့်တိုင် တစ်ဖက်လူ၏ နှလုံးသားတွင်း ထက်သန်မှုကို ထွင်းဖောက်မြင်နေ ရသည်။

ထင်ဆန်းနိုင်သည် သူ့အကျိုး၊ ကိုယ့်အကျိုး နှစ်ဦးနှစ်ဖက် လိုလားသော ဆရာဝန်ကြီးဖြစ်သည်။ သူများအကျိုးပဲ သယ်ပိုးမည့် လူဟူသည်ကား ဇာတ်လမ်း၊ ဝတ္ထုများတွင်သာရှိသည်။ ကိုယ့်အကျိုးကို ဖယ်ချန်သည့် ပုထုဇဉ်ဆိုတာ ဘယ်ရှိသနည်း။

အထူးကုထိပါ တက်ရောက်သင်ကြား နေသူမို့ မယုံကြည်သည့် ရာခိုင်နှုန်းအား လျော့သည်။ မိမိတစ်ယောက်တည်း ရွာဆေးရုံတွင် အထီးကျန်နေရာက အဖော်တပည့် ရမည်၊ ဒီကလေး၏ အမှုကိစ္စလည်း အဆင်ပြေမည် ... သူဘာလက်မခံနိုင်စရာ ရှိသနည်း။ သိုက်မင်းဆက် ကြည့်ရတာ လူရိုးလူကောင်းလေးမို့ မဟုတ်မဟတ် ကိစ္စများကို ပူပန်စရာလိုမည် မထင်ပါ။

"ကောင်းပါပြီ။ မင်း ဆရာနဲ့ အတူနေပြီး ဆေးကုပါ။ အဆောင်ပြန်ရောက်ရင် တိုက်နယ်ဆေးရုံကို သွားလျှောက်ချေ"

"တ ... တကယ်လား ဆရာ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော် သွားလျှောက် လိုက်ပါ့မယ်ဗျာ"

လှိုက်ခနဲ ပျော်ရွှင်သွားမှုကြောင့် သွားတန်းဖြူဖြူလေးများ ပေါ်သည်အထိ ရယ်ပြမိသည်။ အရယ်အပြုံးနည်းသည့် ဆရာက သူ့ကို ခေါင်းညိတ်

ပြ၍ နေရာမှ ထထွက်သွားသည်။

"ညီလေး"

အရေးကြီးသော တစ်ချက်ကို သတိရသွားသဖြင့် ရှေ့မှ ဖြတ်လျှောက်လာသော ဂျူတီကုတ်ဝတ် ဆရာဝန်လေး တစ်ယောက်ကို အသံပြုလိုက်သည်။

"ခင်ဗျာ ..."

"ဒီရွာနာမည်က ဘာတဲ့လဲ"

"စိန်ပန်းကုန်းတဲ့ ဆရာ"

"စိန်ပန်းကုန်း"

ခပ်ဆန်းဆန်း နာမည်ကို သံယောင်လိုက်ရေရွတ် မိသည်။ ရွာထဲ ဝင်စဉ်က လှည်းလမ်းတစ်လျှောက် စိန်ပန်းနီနီများ ပွင့်နေသည်ကို တွေ့ခဲ့ခြင်းကြောင့် ရွာအမည်က ထိုသို့ ဖြစ်ပုံရှိသည်။

***

မြေမှုန်လေးများ ဖွာနေသော လှည်းလမ်းကြောင်းတလျှောက် ခပ်မှန်မှန်ရွေ့လာသော ခြေလှမ်းများဟာ ပေါ့ပါးလို့ရယ်။ ချစ်သူကို ရှာဖွေရင်းဆေးကုခွင့်ရမည့် အခွင့်အရေးက မင်းဆက်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလို့လာသည်။ စိတ်နှလုံးချင်း နီးစပ်နေ၍လားတော့ မသိ၊ သူ့ရင်ခုန်သံတို့ ဒီရက်ပိုင်း ပိုလတ်ဆတ်နေသည်။ တွေ့ကို တွေ့မည်ဟူသည့် စိတ်အစွဲတစ်စုံကြောင့် ကြွေကျနေသော စိန်ပန်းနီများကိုတောင် မရှောင်နိုင်ဘဲတက်ဖိနင်းမိလေရဲ့။

ရွာလမ်းတစ်ခုက ရေအိုးစင်လေးသည် တက်ကြွနေသော မင်းဆက်၏ခြေလှမ်းများ နှေးကွေးသွားစေသည်။ လောင်းကျော် ပေါက်စလေးများ စုရုံးနေကြသည်က ရေအိုးစင် ခေါင်မိုးပေါ် တင်နေသော ဘောလုံး ညစ်ညစ်

လေးကြောင့်ထင်။ မမှီမကမ်း အရပ်လေးများနှင့် ခုန်ဆွခုန်ဆွ လုပ်နေကြပုံသည် ကလေးချစ်တတ်သူ မင်းဆက်၏ အသည်း၊ အူများကို တုတ်ဖြင့် ဆဆခြစ်နေသလို ရှိသည်။

"ကိုကြီးယူပေးမယ်"

အသံကြည်ကြည်လေးကြောင့် မော့ကြည့်လာသော ကလေးငယ်များ၏ မျက်ဝန်းတို့သည် ရေအိုးစင် ခေါင်မိုးပေါ်က ဘောလုံးလေးကို မင်းဆက် လက်ချောင်းများဖြင့် ရွှေ့အယူထိ တအံ့တသြ လက်လက်ထလို့နေသည်။ ဘောလုံးရသွားသည့်အပြင် တစ်ခါမှ မမြင်ဖူးသော ခပ်ချောချော အစ်ကိုကြီးကြောင့် တိုးစိတိုးစိ အသံလေးတို့ ထွက်လာသည်များ ချစ်စရာ။

"ကိုကြီးက ဘယ်သူလဲဟင်"

အုပ်စုထဲက သွက်သွက်လက်လက် ကလေးမလေး၏ ပါးပြင်ထက် သနပ်ခါးဝါတို့က ဖွေးလှုပ်နေသည်။ မင်းဆက် ပြုံး၍ သူ့ရှေ့ ဒူးထောက်ထိုင်လိုက်ကာ ...

"ကိုကြီးက ဒီက ဆရာဝန်အသစ် ... "

"ဝါး ... တကယ်ကြီးလား"

ဆီဖြင့် အိနေသော ဆံနွယ်လေးများကို လက်ချောင်းများဖြင့် ဖိပွတ်သည့်အခါ သွားသုံးဆယ့်နှစ်ချောင်း ပေါ်အောင် ရယ်ပြလာသည်။ ရသွားသော ဘောလုံးကို ပိုက်ယူလိုက်သော အရပ်ရှည်ရှည် ကောင်လေးကပါ အားကျမခံ ...

"ကိုကြီးက ကိုကြီးသစ်တောထက် ချောတယ်"

"ဟေ ..."

"မဟုတ်ပါဘူး။ ကိုကြီးသစ်တောက ပိုချောတယ်"

"ကိုကြီးသစ်တောက ဆူတယ် ... ချောဘူး"

ကလေးတွေ တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းစကားနိုင် လုနေကြသော အမျိုးသားကို မင်းဆက် လုံးဝမသိပါချေ။ ထိုလူသည် ကလေးများနှင့်တော့ ရင်းနှီးပုံရ၏။ အလိုက်သင့် လိုက်ပြောပေးနေရင်း ကလေးများ၏ အချစ်တော် ဖြစ်သော်လည်း ကလေးမချစ်တတ်သော အကျင့်ကြောင့် လောင်းကျော်လေးများ အနားမကပ်ရဲကြမှန်း ရိပ်စားမိလာသည်။

"ဟုတ်လား။ ကိုကြီးသစ်တောက အရမ်းချောတာပဲလား"

"ချောတာပေါ့။ ကိုကြီးသစ်တောက တီဗီက မင်းသားလိုပဲ"

"ဟုတ်လားကွ"

စတွေ့ကတည်းက တစ်ခွန်းဆို တစ်ခွန်းမှ မဟသည့် ပုလုံးလုံး ကောင်လေးကပါ ဝင်ပြောလာသည်မို့ မင်းဆက်၏ စိတ်ဝင်စားမှုတို့ မြင့်တက်လာခဲ့သည်။ သစ်တော ဆိုသည့် လူကို တွေ့ချင်မိသည်။

"နောက်တစ်ခါကျရင် ကိုကြီးကို ကိုကြီးသစ်တောနဲ့ မိတ်ဆက်ပေးနော်"

"ဟာ ... ဟိုမှာ ကိုကြီးသစ်တော"

ဒူးမှာ ပေကျံသွားသော ဖုန်မှုန့်များကို ခါထုတ်ရင်း ထရပ်စဉ် ကလေးငယ်တစ်ယောက်၏ အော်သံကြောင့် ရှေ့လမ်းတည့်တည့်သို့ လှမ်းကြည့်မိသည်။ လမ်းကျဉ်း တစ်ခုထံက မင်းဆက်တို့ရှိရာ လမ်းဆီ ချိုးကွေ့ဝင်လာသော လူတစ်ယောက်က လက်တွင်းဝယ် မုန့်အိတ်များကို ကိုင်လျက် မြောက်ကြွကြွ လှမ်းလျှောက်လာသည်။

ဘုတ် ...

ထုံထိုင်းသွားသော အကြောတို့ကြောင့် လက်ချောင်းကြား ဆုပ်ကိုင်ထားသော ရေစိုဝတ်နှစ်ထည်က မြေကြီးပေါ်သို့ လွတ်ကျသွားသည်။ အနောက်

သို့ ခြေတစ်လှမ်းကို ယောင်ယမ်း ဆုတ်မိသော်လည်း ခြေသလုံးတို့က မခိုင်တော့။ အရည်ပြား အပြင်သို့ ဖောက်ထွက်တော့မည့် နှလုံးသားက မြင်းရိုင်းတစ်ကောင်လို ပြင်းထန်စွာ လှုပ်ရှားနေသည်။ မင်းဆက် အသက်ရှူတို့ ကျပ်လာသည်။

လေပူပူတစ်ချက် ဝေ့၍၊ မျက်ဆံတို့ကတော့ လှုပ်ခတ်မသွားခဲ့။

ကြက်ပေါင်ဖိနပ် စီးထားသော ခြေလှမ်းများက မင်းဆက်ထံသို့ တည့်မတ်စွာ နီးကပ်လာသည်။ စိုက်ကြည့်နေပုံကြောင့် ကြုတ်လိုက်သည့် အဝေးက မျက်မှောင်သည် အထင်းသား၊ ဘုရားရေ ...။ မင်းဆက် တစ်ကိုယ်လုံး လျှပ်စီးကူးနေသူလို တုန်ရီလာခဲ့သည်။

အောက်စီဂျင် မရတော့သည့် နှာဖျားကြောင့် ပါးစပ်ကို ဟလို့ အသည်းအသန် အသက်ရှူနေခြင်းက ရေပေါ်ကငါး တစ်ကောင်လို။

သစ်တော မိမိနှင့် အနည်းငယ်လှမ်းသော ကောင်လေးကြောင့် ဘဝင်မကျစွာ နေရခက်မိသည်။ ဒီလမ်းထဲ စဝင်ကတည်းက စူးစူးဖောက်ဖောက် စိုက်ကြည့်နေပုံက မိမိကို ကျဉ်းကျပ်စေ၍။ တခြားလမ်းကလည်း သွားမရပေမို့ သူ့ရှေ့ရောက်သည်အထိ ခြေလှမ်းမမှားအောင် လှမ်းရသည်။ အသက်ကို လုရှူနေပြီး အကြည့်မလွှဲသူကြောင့် မျက်နှာလွှဲခဲပစ် ကျော်သွားချင်ပေမဲ့ ခြေလှမ်းတို့က သူ့နား ရပ်သွားမိသည်။

"ဆီးထုပ် စားချင်လို့လား"

ဗိုက်ဆာနေဟန် မရှိသော်လည်း ကိုယ်နဲ့မသိသော လူတစ်ယောက် ဘာလိုင်းကြီး လာငေးနေတဲ့ အကြောင်းပြချက်က လက်ထဲက ဆီးထုပ်ကြောင့်လည်း ဖြစ်နိုင်ချေရှိသည်။

***

## အပိုင်း ၆

စိန်ပန်းနီနီများသည် ဖုန်တို့မှုန်မှုန်ထနေသော ရွာလမ်းထက် ဆေးစက်ချထားသကဲ့သို့ အနုပညာဆန်စွာ လှပနေသည်။ ကလေးငယ်စုလေးက စုတ်ချက်တို့ ဖြည့်တင်းရာ ဘေးဝန်းကျင် ဖြစ်လောက်မည်။ အဓိက ဇာတ်ဆောင်ကတော့ သူနှင့်ကိုယ်။

အဖြူညစ်ညစ်စွပ်ကျယ်က အရည်အသွေးမြင့် Tattoo များထင်းနေသော နို့နစ်ရောင် အသားအရည်နှင့် မလိုက်ဖက်ချေ။ အညိုပုပ်ရောင် ပုဆိုးအဆုံးသတ်ရာ၌ နီရဲရဲ လမ်းမထက်က ကြက်ပေါင်ဖိနပ်သည် အနီလူသား၏ အပိုင်ရော ဟုတ်ပါလေစ။

ကိုင်ထားသော ဆီးထုပ်လေးကို ကမ်းပေးနေသော ယောကျ်ားတစ်ယောက်နှင့် ခဲတောင့်နေသော ရေခဲရိုက် လူသားတစ်ဦး။ အချင်းချင်း မျက်နှာမူရင်း တစ်ယောက်အာရုံထဲ တစ်ယောက် နစ်မွန်းနေကြခြင်းမှာ စိန်ပန်းတို့က မလှ၍များလား။

"အင့်"

လက်ထဲမှ မုန့်အထုပ်လိုက်ကြီးဟာ လမ်းနီနီပေါ် လွတ်ကျသွားခဲ့သည်။ ကန္တာရက နှစ်ရှည် ခရီးသည်တစ်ဦး ရေစင်ကိုတွေ့သလို … ငတ်မွတ်တောင့်တ ခဲ့ရသော တန်ဖိုးထားရ တစ်ခုကို လက်ဝယ်ရသလို အားကိုးတကြီး ဖက်တွယ်ထားမှုက ရုတ်တရက် ဆန်လွန်းသည့်အတွက် သစ်တောတစ်ကိုယ်လုံး တုန်ခိုက်သွားရသည်။ နုနုနယ်နယ် ချာတိတ်လေးက သူ့ကို ဖက်ထားလိုက်တာများ အရိုးတွေ ကွဲလုချည်ရဲ့။ အသက်ရှူသံတို့

မမှန်တို့လောက်တဲ့ထိ စိတ်မနှံ့သူ တစ်ယောက်လို နစ်မွန်းနေသူက သူ့ကို အရှုံးအမူး ဖက်လို့ထားသည်။

"ချာတိတ်"

လည်ချောင်းထဲက အက်ကွဲလာသော အသံနက်နှင့်အတူ သူ့ကို ထွေးပွေ့ထားသည့် ကောင်ငယ်လေးဟာ ကြောက်စရာ ကောင်းလောက်အောင် လှိုက်ဖိုနေခဲ့သည်။ အတိအကျ ဆိုရလျှင် ငိုကြွေးနေခဲ့သည်။ အော်ဟစ်သံများမှ ဖွင့်ထုတ်လာသည့် ငိုမြည်းသံက သစ်တော၏ စိတ်ဝိညာဉ်တို့ကို ကြက်သီးမွေးညှင်းများ ထောင်ထလာစေသည်။

"ကိုကို ... ကျွန်တော့်ရဲ့ ကိုကို ... "

အတက်အကျ မမှန်တော့သော ကိုယ်ဟာ နိမ့်ချည်မြင့်ချည် ထွန့်ထွန့်လူးနေသည်။ ပြန်မထွေးပွေ့နိုင်လောက်အောင် သစ်တော ကြောက်ရွံ့မိသည်။

"လုပ်ကြပါဦး ... ကိုကို ... ကျွန်တော့်ရဲ့ကိုကို ... အား"

သစ်တောမသိပါ။ လူတစ်ယောက်က အဲ့သလောက်ထိ စိတ်လွတ်နိုင်သလား။

"ဒီမှာချာတိတ် ... ငါ့ကိုလွှတ်"

သူ့ခမျာ အလွမ်းရယ် သယ်မဝနိုင်။ ရှိုက်ကြီးတငင် ငိုကြွေးလို့ ဒီလူကို လွတ်ထွက်မသွားအောင် ထွေးပွေ့ထားရသည်။ မသိမသာ လူးလွန့်လာသော ကိုယ်က သူ့ရင်ခွင်ထဲက ထွက်ပြေးချင်၍ ထင့်၊ သူလွှတ်မပေးနိုင်။ ဘယ်လိုနည်းနဲ့မှ လွှတ်မပေးနိုင်တော့။

တမ်းတ လွမ်းဆွတ်ခဲ့ရသော မျက်နှာလေးက သူ့အား ဆွဲဆောင်ရာတွင် မတတ်နိုင်စွာ ဖွဖွလွှတ်ပေး လိုက်သော်လည်း ကိုကို့လည်စပ်များကို လက်ဖဝါးစုံဖြင့် သံမှိုစွဲသကဲ့သို့ ဖိကပ်ထားမိသည်။

ဒီမျက်နှာ၊ မျက်လုံး ... နှာတံ ... နှုတ်ခမ်း။ ကိုကိုမှ ကိုကိုမှန်း သေချာစေသော အသိကြောင့် မင်းဆက် ဆောက်တည်ရာမရ ဖြစ်လာသည်။ တကယ့်ကို ကိုကိုအစစ်။

မျက်နှာတစ်ပြင်လုံးအား မွတ်မွတ်သိပ်သိပ် နမ်းပစ်ချင်သော်လည်း ရှေ့တက်မတိုး ရဲလောက်အောင် စိမ်းသက်လှစွာသော မျက်ဝန်းများက ကိုကို့တွင် တည်နေခဲ့သည်။

စိတ်ရှုပ်သလို ရှိနေသော မျက်မှောင်တွန့်များကြောင့် မင်းဆက်ကြောက်ရွံ့လာသည်။ ကိုကို သူ့ကို စိတ်ဆိုးနေသလား။

အထင်နှင့်အမြင် တက်တက်စင်အောင် လွဲခဲ့သည်။ ကိုကိုသည် စိတ်ကောက်ခြင်း အမူကို မပြုဘဲ မင်းဆက်ဆီမှ အသည်းအသန် ရုန်းထွက်ခဲ့သည်။ အံ့သြမှုကြောင့် ခြေမခိုင်သူကား နောက်ဆီသို့ ခြေတစ်လှမ်း ယောင်ယမ်း ဆုတ်မိသွားသည်။ ကိုကို့မျက်ဝန်းများက သူ့ကို မကြည်သလို၊ စူးစမ်းသလို နောက်ပြီး မသိခဲ့သလို။

"မင်းနဲ့ငါနဲ့ သိလို့လား"

စိန်ပန်းပင်အိုဆီမှ လွင့်မြောကျလာသော ပန်းနီနီနှင့်အတူ မင်းဆက်၏ နှလုံးသားလေး ကပ်ပါသွားခဲ့သည်။

ဖုန်လမ်းပေါ် ကျသည့်အခါ ခွမ်းခနဲ ...

စိန်ပန်းနီလေးတော့ မထိခိုက်ခဲ့။

***

သူကြီးဦးသာဆောင်သည် သောက်သူမဲ့ ရေနွေးပူပူကို ကရားအိုးထဲမှ ငှဲ့ငှင်ရင်း မိမိရှေ့မှ လူရွယ်နှစ်ယောက်ကို စူးစမ်းနေသည်။ နေရာသည် သူကြီးခြံထဲမှ ကွပ်ပျစ်ဝယ် ဖြစ်၏။

ရွာ၏ဖိုးသစ်တောနှင့် မျက်နှာချင်းဆိုင်ရှိ မန္တလေးက ဆရာဝန်လေးတို့သည် အချင်းချင်းအပေါ် မျက်နှာအမူအရာများ မတူကြ။ ဦးသာဆောင်၏ရွာတွင် သောင်တင်နေခဲ့သော သစ်တော၏ ဘဝအမှန်ကို ပြသပေးနိုင်မည့်ကောင်လေးတစ်ဖြစ်လည်း ဆရာဝန်ငယ်သည် မှိုင်းညို့နေသော မျက်ရည်စိုအကြည့်များနှင့် သစ်တောကို စူးစိုက် ကြည့်လျက်ရှိသည်။ တစ်ဖက်ကသစ်တောမှာ စိတ်ရှုပ်သလို၊ ခေါင်းမူးသလို အနေအထားဖြင့် သူကြီးဖြစ်သူကိုသာ အားကိုးတကြီး စောင်းငဲ့ ကြည့်နေရှာသည်။ ရင်းနှီးခဲ့သော ကာလအရ အနေအထားကို သစ်တောက မနှစ်မြို့။

ရွာလယ်တစ်နေရာတွင် ဆရာဝန်ကောင်လေးက သစ်တောကို ငိုယိုလျက်ဖက်ပွေ့နေခဲ့သည်။ ခုမှ ပြန်တွေ့သူက အလွမ်းသယ်သလို သစ်တောကတွန်းထုတ်နေရင်း ရှန်းရင်းဆန်ခတ် အနေအထား တစ်ခုသည် ရွာခံတစ်ယောက်၏ ဝင်ရောက်ဖြန်ဖြေမှုနှင့် "သစ်တောက ကျွန်တော်တို့ရွာကအတိတ်မေ့ လူနာပါ" ဟူသော အပြောအောက် သူ့ဆီ အယူခံ ဝင်လာခြင်းဖြစ်သည်။

"အဟမ်း"

အမှုကိစ္စကို ဖြေရှင်းပေးရန် ချောင်းတစ်ချက် ဟန့်လိုက်စဉ် သစ်တောဆီမှာ နစ်မျောနေသော ကောင်လေးက ဦးသာဆောင်ကို ကြည့်လို့လာသည်။

"ဆရာက သစ်တောကို သိတာလား"

ခေါင်းကိုညိတ်ပြသည်က ညင်ညင်သာသာ။

"ဆရာနဲ့ သစ်တောက ဘယ်လိုပတ်သတ် ခဲ့တာလဲ"

ထိုအခါတွင် မင်းဆက် ချက်ချင်းမဖြေရဲ။ နံဘေးက ရပ်မိရပ်ဖ လူကြီးများနှင့် ဆရာ့ကို တစ်ချက်ဝေ့ကြည့်မိသည်။

ဒီနေ့မှ တာဝန်ယူထားသည့် တပည့်သည် လိင်တူချစ်ကြိုက်သူ တစ်ယောက် ဖြစ်သည့်အခါ ဆရာ့အတွက် အဆင်ပြေပါ့မလား။

ထို့နောက် ကိုကို့ကိုရော ...။

သူ့ကို အကြည့်လွှဲနေသည့် ကိုကိုက သူတို့ပတ်သတ်မှုကို လက်ခံမှာတဲ့လား။

ကိုကိုက သစ်တောအဖြစ် သူ့ကို နားလည်ပေးမတဲ့လား။

သိမ်ငယ်စိတ်ဖြင့် မင်းဆက်ခေါင်းကို ငုံ့ထားမိသည်။ သို့ပေတည်း ထိုမျှမဆိုလျှင် သူ့ကို မကြည်ဖြူသည့် ကိုကိုနှင့် ပိုဝေးသွားနိုင်သည်။ ကိုကို့အတွက်သာ ရှိနေသော အတ္တလေး ခေါင်းပြူလာလျှင် ...

"ကျွန်တော်နဲ့ သူနဲ့က ချစ်သူတွေပါ ..."

"ဘာ"

အာမေဋိတ်သံသည် သူကြီးထံမှ မဟုတ်၊ ကိုကို့ဆီမှသာ ဖြစ်၏။ မင်းဆက်ကိုကို့ကို မော့ကြည့်လိုက်သည်။ ရဲရဲဝံ့ဝံ့ မဟုတ်ပေမဲ့ မှန်မှန်ကန်ကန်။ ကိုကို့အကြည့်များက ရွံရှာသည် မဟုတ်သည့်တိုင် အံ့သြကြောက်လန့်သော အသွင်ကိုဆောင်၏။

"ဟုတ်တယ် ... ကျွန်တော်တို့ ချစ်ခဲ့ကြတယ်။ အဲဒါ ကိုသစ်တောအတွက် ပြဿနာရှိမလား"

ဖျတ်ခနဲ မျက်နှာလွှဲသွားသော ထိုယောကျ်ား၏ ပါးပြင်တို့သည် ရှက်စိတ်ကြောင့် ရဲရဲနီသွားခဲ့သည်။

နောက်ထပ် ရင်ဆိုင်ရမည့် လူကြီးနှစ်ယောက်အဖြစ် သူကြီးနှင့် ဆရာ့ကို အကဲခတ်မိသည်။ သူကြီးက မင်းဆက် ထင်ထားသည့်အတိုင်း မျက်ခုံးများ ပင့်တက်လို့ တအံ့တသြ ဖြစ်နေသည်။ သူနားလည်ပါ၏။ ဒီလိုတောရွာ

အရပ်တွင် လိင်တူချစ်ကြိုက်သည့် ကိစ္စကို အထူးတဆန်း ဖြစ်နေမှာ။

သို့သော် ဆရာ့ဆီ အကြည့်ရောက်သည်တွင် မင်းဆက် နှုတ်ခမ်းတစ်စုံ ပွင့်ဟခဲ့ရသည်။ ဆရာ့၏ ပုံစံသည် ဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ခု၊ အထူးသဖြင့် သူသိထားသော အကြောင်းအရာ တစ်ခုကို ခေါင်းတညိတ်ညိတ် သုံးသပ်နေသကဲ့သို့ ငုံ့ထားသော ရေနွေးကြမ်းကိုပင် မှုတ်သောက်နေသေး၏။ ဆရာက သူ့ကို အစကတည်းက သိခဲ့သလား။

"အင်း ဟုတ်ပါပြီ။ ဒါဆို သစ်တောရဲ့ နာမည်က ဘာတဲ့လဲကွဲ့"

သူကြီးက သိချင်စိတ်ဖြင့် ထပ်မံစကားစ၏။

"ကိုသစ်တောရဲ့ နာမည်က ခန့်ဦးရှိန်။ သူက မန္တလေးရဲ့ မြို့မျက်နှာဖုံး တစ်ယောက်ပါ"

"ဟေ ... "

သူကြီးဦးသာဆောင်က မျက်မှောင်ကြုတ် အံ့သြနေသော သစ်တောကို ထပ်မံ ငဲ့ကြည့်သည်။ ရုပ်ရည်ရူပကာ သန့်သန့်မို့ ပြည့်စုံသူဟု ထင်ခဲ့သော်လည်း ဤမျှထိတော့ မမျှော်မှန်းထား။

"သူကြီး ..."

ခြံဝဆီက လာသော အသံတစ်ခုကြောင့် ကွပ်ပျစ်ပေါ်မှ လူအားလုံး လှည့်ကြည့်လိုက်ကြသည်။ လူတစ်ယောက် ... ရှင်းရှင်းပြောရလျှင် အရပ်မြင့်မြင့်၊ အသားလတ်လတ် ရွာသားလေးတစ်ယောက်။

"ကဲ မင်းကိုစောင့်နေတာ ... လာ"

သူကြီးက လှမ်းပြောသော်လည်း ခြံထဲသို့ လှမ်းလျှောက်လာသည့် ထိုကောင်လေး၏ အကြည့်အားလုံးသည် ကိုကို့ဆီမှာ။ မင်းဆက် မျက်မှောင်ကြုတ်မိသွားသည်။ အကြောင်းမှာ ချစ်ရသူကပါ ထိုလူငယ်ကို

အားကိုးတကြီး ကြည့်နေခြင်း။

ကွပ်ပျစ်ပေါ် လာထိုင်ရာတွင်လည်း ကိုကို့နံဘေး၌သာ ရိုကျိုးစွာ ထိုင်လာ၏။ ထို့နောက် မင်းဆက်ထံသို့ မျက်လုံးဝိုင်းများဖြင့် လှည့်ကြည့်လာသည်။

"ဒါက ဦးပြောတဲ့ ဆရာဝန်ပဲ နာမည်က သိုက်မင်းဆက်တဲ့။ ဆရာ ဒါက သစ်တောရဲ့ အုပ်ထိန်းသူ စောင်းလုယာတဲ့"

အုပ်ထိန်းသူ၊ ဒီကလေးငယ်က ကိုကို့ရဲ့ အုပ်ထိန်းသူ ...

ကောင်ငယ်လေးက မင်းဆက်ကို ဝတ်ကြေတန်းကြေ ပြုံးပြလာသည်။ ပေါ်လာသည့် သွားတက် ဖွေးဖွေးလေးက သူများအမြင် ချစ်စဖွယ် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း မင်းဆက်အတွက် မကြည်ဖြူနိုင်။

လူမှုရေး အရတောင် မနှုတ်ဆက်နိုင်သည့် ဆရာဝန်ကြောင့် လုယာစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ တကယ်ဆို သူက နာကျင်ရသူ။ ကိုသစ်ကို သိသူပေါ်လာပြီဆိုသော သတင်းနှင့်အတူ သူကြီးဆီမှ ဆင့်ခေါ်ခံရခြင်းအပြင် ရွာထဲ၌ တီးတိုးပြောနေကြသည့် အကြောင်းအရာမှာ ပုံစံက ညီအစ်ကို မကသော ဆက်ဆံရေးဟူသည်။ ထိုသို့ မဖြစ်ပါစေနှင့် ဆုတောင်းသော်လည်း "သူက သစ်တောရဲ့ ချစ်သူတဲ့ " ဟူသည့် သူကြီးဦးသာဆောင် စကားအောက် ကွဲအက်မှုကို ပွေ့ဖက်ခဲ့ရပါသည်။

"မင်းက ဘယ်နှနှစ်ရှိပြီလဲ"

ဆရာဝန်၏ ပထမဆုံး စတင်လာခြင်းက သူ့ငယ်ရွယ်မှုကို အထင်သေးဟန်ပါ။

"ကျွန်တော် ဆယ့်ခုနှစ်နှစ်ပါ"

"မင်းထက် ဆယ်နှစ်ကျော်ကြီးတဲ့ ယောကျ်ားတစ်ယောက်ကို မင်းက

ဘယ်လို အုပ်ထိန်းတာလဲ"

အံ့ဩမှုကြောင့် လုယာ မျက်ဝန်းလေးတို့ ဝိုင်းစက်သွားခဲ့သည်။ ဒီလူသည် သူ့ကို အချေအတင် စကားနှင့် စလမ်းဖွင့်နေပါသလား။

"ကျွန်တော် ကိုသစ်ကို လွန်ခဲ့တဲ့ တစ်နှစ်ကျော်က တွေ့ခဲ့တာပါ။ အသက်ကယ်ပြီး အိမ်မှာပြုစုစောင့်ရှောက် ပေးခဲ့တဲ့အပြင် ကိုသစ် လိုအပ်သမျှကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ ပြည့်စုံသူ တစ်ယောက်မှန်း ရိပ်မိလို့ ဘာအလုပ်မှ မလုပ်ခိုင်းဘဲ ကျွန်တော်ပဲ ရှာကျွေးခဲ့တယ်။ ဒါကြောင့် ကျွန်တော်က အုပ်ထိန်းသူပါ ခင်ဗျာ ..."

တရစပ်ကြားလာသော ဇာတ်ကားဆန်ဆန် စကားအချို့တွင် မင်းဆက်စိတ်တို့ ဟုန်းဟုန်းထလာသည်။ ဘယ်ကစ ဘယ်လိုမှားယွင်းသွားမှန်း မသိသည့် ဇာတ်တွင် တင်းတင်းဆုပ်ထားမိသော လက်သီးတို့က အချည်းနှီး။ ယူကြုံးမရမှုနှင့် ကိုယ့်ကိုယ်ကိုယ် ထုနှက်ပစ်ချင်စိတ်၊ ကိုယ့်အပိုင် လူတစ်ယောက်ကို ကယ်တင်အားကိုးစေတယ် ဆိုသော အနှီကောင်လေးကို မုန်းတီးစိတ်၊ မိမိကို မမှတ်မိသော ချစ်ရသူကို ဦးချတောင်းပန်လိုစိတ် ... သိက္ခာနှင့် မာနတို့ မထားနိုင်လောက်အောင် မွန်းကျပ်ပိတ်လှောင်ရသော အနေအထား။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကသာ သူကိုကို့ကို ကာကွယ်ပေးနိုင်ခဲ့လျှင် ...။

"ဒါဆို မင်းအဆောင်ပြန်ပြီး သစ်တောနဲ့ ပတ်သတ်တဲ့ အချက်အလက်တွေ ယူခဲ့ပေး။ သစ်တောက ဦးတို့အတွက် သားအရင်းလို ဖြစ်နေတော့ သေချာချင်လို့ပါ။ အဲ့ကိစ္စပြီးမှ ဘာဆက်လုပ်ရမလဲ စီစဉ်ပေးမယ်"

"သူကြီး ဘာကို ပြောချင်တာလဲဗျ၊ ကျွန်တော် သူ့ကို မန္တလေး ပြန်ခေါ်သွားတော့မှာ။ တခြားဘာစီစဉ် ပေးစရာလိုလဲ"

"မလိုက်ပါဘူး။ ငါ့ရွာမှာပဲ နေမယ်။ မင်းနဲ့လည်း မသိဘဲ"

"ကိုကို"

ကိုကို့အပေါ် ပြောလေ့ရှိသော လေသံသည် ဒီတစ်ခါအမာဆုံး ဖြစ်သည်။ ငေါက်သံကြောင့် အဆူခံလိုက်ရသော ကလေးတစ်ယောက်လို မျက်မှောင်ကြုတ်၍ လုယာအနား ပိုကပ်သွားသည်။

"သစ်တောက ပြန်လိုက်မှာ မဟုတ်သေးဘူး။ မင်းဆက် ... သူမင်းကို မှတ်မိသွားမှ ပြန်ခေါ်ရင် ကောင်းမယ်"

တစ်ချိန်လုံး ငြိမ်နေသော ဆရာကပါ ဝင်ပြောလာသည်မို့ မင်းဆက် ကြံရာမရ ဖြစ်သွားသည်။ "မြွေမြွေချင်း ခြေမြင်" ဟူသည့် စကားပုံသည် အလကားပေါ်လာတာ မဟုတ်မှန်း မျက်မြင်ကိုယ်တွေ့ ရင်ဆိုင်လိုက်ရပြီး နောက် မျက်စိရှေ့မှ ကိုကို့ကို စောင်းလုယာနှင့် တစ်စက္ကန့်မျှ အတူမထားနိုင်။ ကိုကိုက သူ့ကို မမှတ်မိသေးတာနှင့်အညီ ယုံကြည်မှုနှင့် အချစ်တို့သည် ဓာတ်ပြားဟောင်းများသာ။

စိတ်ပျက်စရာ အခြေအနေကြီးကို မင်းဆက် ဘယ်လိုဖြေရှင်း ရပ့်မလဲ။

"ဒါဆို ကျွန်တော် လောလောဆယ် သက်သေအချို့ပြခဲ့မယ်။ ကျန်တဲ့ကိစ္စတော့ ကျွန်တော် စဉ်းစားပါဦးမယ်"

အိတ်ထောင်ထဲမှ ဟန်းဖုန်းကို ဆွဲထုတ်လိုက်ရင်း ကိုကို့ကို ထပ်မံကြည့်မိသည်။ လွမ်းလွန်းလို့ တစိမ့်စိမ့် ငေးကြည့်ချင်မိသည်။ သို့သော် အခြေအနေသည် မဟန်လှ။

ကိုသစ်တောသည် ကိုကိုဖြစ်ကြောင်း သက်သေများကို Gallery ထဲက ထောင်သောင်းမက ပုံများအပြင် Facebook acc က အစ အားလုံးရှေ့ပြသလိုက်သည်။ မင်းဆက်ချစ်လို့ ရိုက်ထားမိသည့် ကိုကို့မှတ်ပုံတင်ကတ်

ဓာတ်ပုံကိုပါ သေချာဖွင့်ဟပေး၏။

ဓာတ်ပုံတိုင်းကို တအံ့တသြ ငေးနေသော ကိုကို့ကိုလည်း မျက်ခြေမပြတ် ရှုစားရပါသေးသည်။ မင်းဆက်က ကိုကို့အနား တစ်ချိန်လုံး နေခွင့်မရ သေးတာမို့။

ဖြစ်နိုင်လျှင် ကိုကို့အား ဒီနေရာမှာတင် ငိုကြွေးလျက် ပြောပြချင်ပါသည်။

သူတို့ နှစ်ယောက်၏ ဇာတ်ကြောင်း အစုံအလင်ကို ...။

***